# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၃)ရက် ၊ စနေနေ့ ၊ (4-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro – based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

### နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၅၁ နှင့်အညီ ကြေညာလိုက်သည်။

(ပုံ) အောင်လင်းဒွေး
နာယက

## ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၂/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

### ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ်နှစ်ဦးကို ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ယင်းတို့ရရှိသည့်ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၅၁ နှင့်အညီ ကြေညာလိုက်သည်–

စာမျက်နှာ ၁၆ ကော်လံ ၁

# နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့ကို ရွေးချယ်တင်မြှောက်



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၁၆ ခုနှစ် မေ ၄ ရက်
အယ်ဒီတာ့အာဘော်

# ပြင်းထန်လာသည့် အပူဒဏ်အန္တရာယ်ကို သတိပြုကာကွယ်ပါ

လက်ရှိအချိန်တွင် ပြင်းထန်လာသော အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများစွာဖြစ်ပေါ်လျက်ရှိသည်။ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများသည် အသက်အရွယ်မရွေး ဒုက္ခပေးနိုင်သဖြင့် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်။

နွေရာသီ၏ ပြင်းထန်သော အပူချိန်အောက်တွင် ခန္ဓာကိုယ်သည် ထိုအပူချိန်ကို ထိန်းညှိရန်အတွက် ချွေးထွက်ခြင်းဖြင့် ကြိုးစားရသည်။ ထိုသို့ ချွေးထွက်များလာသည်နှင့်အမျှ ကိုယ်တွင်းရှိ ရေဓာတ်နှင့်ဓာတ်ဆားဓာတ်များ လျင်မြန်စွာ ဆုံးရှုံးသွားတတ်သည်။ ထို့ကြောင့် ရေဓာတ်နှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမရှိစေရေး တစ်နေ့လျှင် ရေနှစ်လီတာမှ သုံးလီတာထိ ပုံမှန်သောက်သုံးပေးသင့်သည်။

ထို့ပြင် အပူချိန်မြင့်မားခြင်းသည် ဘက်တီးရီးယားများ ပေါက်ဖွားရန် အကောင်းဆုံးပတ်ဝန်းကျင်ကို ဖန်တီးပေးသည့်အတွက် အပူချိန်ပြင်းထန်ပါက အစားအစာများ အလွယ်တကူပုပ်သိုးတတ်သည်။ ထို့ကြောင့် ဟင်းလျာများကို ချက်ပြုတ်ပြီးလျှင် သေချာစွာ ဖုံးအုပ်ထားခြင်း၊ သိုးနံ့ရသော အစားအစာများကို နှမြောမနေဘဲ စနစ်တကျစွန့်ပစ်ခြင်းနှင့် လတ်ဆတ်သော အသီးအနှံများကိုသာ ရွေးချယ်စားသုံးခြင်းဖြင့် အပူချိန်မြင့်မားချိန်တွင် ဖြစ်တတ်သော အစာအိမ်လမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်နိုင်မည်ဖြစ်သည်။

ယခုရက်ပိုင်း နေ့လယ်ခင်းတွင် အပူချိန်မြင့်မားမှုကို ပိုမိုခံစားရသဖြင့် ပြည်သူအားလုံးအနေဖြင့် ကျန်းမာရေးကို အထူးသတိပြုကြရမည်ဖြစ်သည်။ အပူချိန်မြင့်တက်လာပါက ကြွက်တက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း စသည်တို့အပြင် အပူပြင်းချိန်၌ ခန္ဓာကိုယ်၏ အပူချိန်ထိန်းညှိစနစ်ပျက်ယွင်းသွားပြီး ထိုအချိန်တွင် အဖြစ်အများဆုံးမှာ အပူလျှပ်ခြင်းဖြစ်ကာ အပူလျှပ်ခြင်းသည် အသက်အန္တရာယ်ကို အပေးနိုင်ဆုံးသော အရေးပေါ်အခြေအနေဖြစ်သည်။ ထို့ကြောင့် နေပူထဲတွင် ပင်ပန်းစွာအလုပ်လုပ်သူများအနေဖြင့် အပူလျှပ်ခြင်းကို ပို၍သတိပြုသင့်သကဲ့သို့ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအပါအဝင် အဝလွန်သူများ၊ အရက်သောက်သုံးသူများ၊ သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကျန်းမာရေးမကောင်းသူများ စသည်တို့အနေဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။

အပူချိန်မြင့်တက်မှုနှင့်အတူ ခရမ်းလွန်ရောင်ခြည်ပါဝင်မှုလည်း မြင့်မားလာတတ်သည်။ ထိုကာလတွင် နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာ ထိတွေ့လာသည့်အခါ အရေပြားများနေလောင်ခြင်း၊ အသားအရောင်များ ညိုမည်းလာခြင်းတို့မှသည် အရေပြားများအရွယ်မတိုင်မီ ပျက်စီးခြင်း၊ အိုမင်းရင့်ရော်မှုမြန်ဆန်ခြင်း၊ အရေပြားကင်ဆာရောဂါများထိ ဖြစ်ပွားစေနိုင်သည်။ ထို့ကြောင့် မဖြစ်မနေ နေပူထဲသို့ ထွက်ရမည်ဆိုပါက မိမိတို့၏အသားအရေ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ပြီး မပျက်စီးစေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အင်္ကျီအရောင်ဖျော့၊ ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ခြင်း၊ ထီး၊ ဦးထုပ်ဆောင်းခြင်းနှင့် ရေများများသောက်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အပူဒဏ်အန္တရာယ်သည် လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သည့်အပြင် အသက်အန္တရာယ်ပါဖြစ်စေနိုင်သည့်အတွက် ပြည်သူအားလုံးက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အပူဒဏ်ကာကွယ်ရေးနည်းလမ်းများအတိုင်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိပြု၍ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မင်းကင်း မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၀၅ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၉ တင်း ကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မတ်ပဲ ၃၀၀၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မေ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မေ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးညှင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၈ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၂ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၉ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဟင်္သာတ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မတ်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ညှော့မထဆန် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟင်္သာတမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## သံတောင်ကြီးမြို့နယ် ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဧပြီ ၃**

ကရင်ပြည်နယ်သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့် ဝန်ထမ်းများက ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

## ညောင်ရွှေမြို့နယ် ကြာတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဧပြီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းပန်ကျေးရွာအုပ်စု ကြာတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဧပြီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကြာတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြာတောကျေးရွာ၌ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၈ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၈၅၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖန်နဝါရီလပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၇၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၁၈၅၉၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။

(၂၀၆)

## ဝမ်းတွင်းမြို့နယ် ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူးခင်းကျေးရွာအုပ်စု ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးရံ့ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၄ဦးကို ငွေကျပ် ၃၇ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၉ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငါးပြေမပိသာချဉ် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငါးပြေမပိသာချဉ် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးပြေမပိသာချဉ် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ငါးပြေမပိသာချဉ် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ်။ ပြီးခဲ့တဲ့မတ်လအတွင်း ငါးပြေမပိသာချဉ် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဖေဖော်ဝါရီလထက် မတ်လထဲမှာ ပိသာချဉ် ၁၆၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ထွက်ရှိတဲ့ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပေါ့" ဟု ပန်းတနော်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ငါးပြေမ ၁၀ ပိသာလျှင် ငွေကျပ် ၂၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်း၊ အများအပြားတင်ပို့ရောင်းချခဲ့ရခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ခရမ်းသီးစားသုံးခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများ

**ခရမ်းသီး (Egg Plant)**

Solanaceae မျိုးရင်းဝင် ခရမ်းသီး၏ အင်္ဂလိပ်အမည်မှာ Egg Plant; Brinjal ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Solanum melongena ဖြစ်သည်။ အသီး၏ အခွံသည်ခရမ်းရောင်၊ အစိမ်းရောင်၊ အဖြူရောင်ရှိပြီး အတွင်းသားက အဖြူရောင်ခပ်ပွပွနှင့် အူတိုင်တွင် အစေ့ကလေးများ ပါဝင်ကာရှည်မျော့မျော့ပုံစံများလည်းရှိသကဲ့သို့ အဝိုင်းပုံစံလေးများလည်းရှိသည်။ ခရမ်းသီးတွင် အဆီဓာတ်လုံးဝမပါဝင်ဘဲ ဗီတာမင်များ၊ အာဟာရဓာတ်များ၊ သတ္တုဓာတ်များ၊ အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်သည်။

**ခရမ်းသီးအမျိုးအစား**

ခရမ်းသီးသည် သက်ကြီးပင်ထောင်ခရမ်းမျိုး (Up Right)၊ တစ်ဝက်ပြန့်ခရမ်းမျိုး (Semi-Spread) နှင့် သက်လျင်မျိုးပင်ပြန့်ခရမ်းမျိုး (Spread Type) ဟူ၍ အုပ်စုသုံးစုရှိသည်။ မြန်မာနိုင်ငံတွင် ခရမ်းသီးကို အကြမ်းအားဖြင့် သုံးမျိုးခွဲခြား၍ စိုက်ပျိုးလေ့ရှိရာ ခရမ်းသီးအရှည်မျိုးကို ဆင်စွယ်ခရမ်းဟုခေါ်ပြီး အလျားရှည်၍ ခရမ်းရောင်၊ အစိမ်းရောင်ရှိသည်။ ခရမ်းသီးအလုံးမျိုးတွင် လုံးဝိုင်းသောသဏ္ဍာန်ရှိ၍ ခရမ်းရောင်၊ အစိမ်းရောင်၊ အဖြူရောင်ရှိသည်။ ခရမ်းသီးလုံးရှည်မျိုးတွင် ထောပတ်ခရမ်းကို စိုက်ပျိုးလေ့ရှိသည်။

**ခရမ်းသီး၏မူရင်းဒေသ**

ခရမ်းသီး၏ မူရင်းဒေသမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ခရမ်းသီးသည် အပူကြိုက်သော အပင်ဖြစ်၍ မြန်မာနိုင်ငံတွင် တောင်ပေါ်အရပ် အလွန်အေးသောဒေသမှလွဲ၍ ကျန်ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

**ခရမ်းသီးစားသုံးမှုပုံစံ**

ခရမ်းသီးကို နှပ်၍ဖြစ်စေ၊ သုပ်၍ဖြစ်စေ၊ အစာသွတ်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ၊ ချက်၍ဖြစ်စေ၊ အတို့အမြုပ်အဖြစ်ဖြစ်စေပြုလုပ်၍ စားသုံးလေ့ရှိကြသည်။

**ခရမ်းသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ခရမ်းသီးတွင် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဗီတာမင်များနှင့် သတ္တုဓာတ်များစွာပါဝင်သည်။ အထူးသဖြင့် အပင်ထွက်အာဟာရဓာတ်များ (Phytonutrients)၊ သံဓာတ် (Fe)၊ မဂ္ဂနီစီယမ် (Mg) နှင့် ဗီတာမင် K တို့ကြွယ်ဝစွာပါဝင်သည်။

**ခရမ်းသီး၏ကျန်းမာရေးကောင်းကျိုးများ**

ခရမ်းသီးသည် ဗီတာမင် C ဓာတ်ကြွယ်ဝခြင်း၊ ရောင်ရမ်းခြင်းဝေဒနာကို သက်သာစေနိုင်ခြင်း၊ နှလုံး၊ ဦးနှောက်၊ အရေပြားနှင့် အရိုးကျန်းမာရေးကို အကျိုးပြုနိုင်သည့်အပြင် အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ အမျိုးအစား-၂ ဆီးချိုရောဂါကို ထိန်းနိုင်စွမ်းရှိခြင်းတို့ကြောင့် ခရမ်းသီးကို သင့်တင့်မျှတစွာ စားသုံးပေးနိုင်သည်။ ခရမ်းသီး၏ ကောင်းကျိုးများအနက်တစ်ချက်မှာ အဆီဓာတ်မပါခြင်းကြောင့် အဆီကျအသားကျစ်လျစ်ရန်အတွက်လည်း အသုံးဝင်မည်ဖြစ်သည်။

**သွေးကြောလုပ်ဆောင်ချက်ကောင်းမွန်စေခြင်း**


ခရမ်းသီးတွင် အပင်ထွက်အာဟာရဓာတ်များ (Phytonutrients) ဟုခေါ်သော နှလုံးကိုကာကွယ်ပေးသည့် ဒြပ်ပေါင်းတစ်မျိုး ပါဝင်ခြင်းကြောင့် ရောင်ရမ်းမှုကိုလျော့ကျစေပြီး သွေးကြောလုပ်ဆောင်ချက်များကို ကောင်းမွန်စေကြောင်း သိရှိရသည်။

**အခွံအတိုင်းစားသင့်ပြီး ဦးနှောက်ကိုကာကွယ်ခြင်း**

ခရမ်းသီး၏အခွံတွင်ပါသော နာဆူနင် (Nasunin)ခေါ်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကြောင့် ခရမ်းရောင်ဖြစ်နေခြင်းဖြစ်ပြီး Nasunin သည် ဦးနှောက်ထဲတွင် အဆီဓာတ်များထိခိုက်မှုမရှိစေရန် ကာကွယ်ပေးထားကာ ဦးနှောက်ဆဲလ်အမြှေးထဲတွင် တွေ့ရှိရသောကြောင့် ခရမ်းသီးကို အခွံမခွာဘဲ စားသုံးသင့်သည်။ ဦးနှောက်ဆဲလ်အမြှေးများအတွင်း တွေ့ရသည့်အဆီများက အာဟာရဓာတ်များကို စုပ်ယူပေးခြင်းကြောင့် ခရမ်းသီးကိုချက်မည်ဆိုလျှင် အခွံကအရေးပါသောကြောင့် အခွံခွာမပစ်ရန် လိုအပ်သည်။

**အစာအိမ်နှင့်အူလမ်းကြောင်းကျန်းမာစေခြင်း**

ခရမ်းသီးတွင် အမျှင်ဓာတ်ပါဝင်ခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းကို ကျန်းမာစေနိုင်သည်။



**နှလုံးကျန်းမာရေးကိုကောင်းမွန်စေခြင်း**

ခရမ်းသီးတွင် နှလုံးကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် အမျှင်ဓာတ်၊ ပိုတက်စီယမ်၊ ဗီတာမင် C၊ ဗီတာမင် B6 တို့ ကြွယ်ဝစွာပါဝင်ပြီး Flavonoids ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်မှုကြောင့် သွေးကြောကျဉ်းရောဂါဖြစ်ပွားမှုကို လျော့ချပေးနိုင်သည်။ နှလုံးကျန်းမာရေးအတွက် ကိုလက်စထရောပမာဏနှင့် သွေးဖိအားကို မှန်ကန်သည့်အဆင့်တွင် ထိန်းထားနိုင်ခြင်းမရှိပါက ဆိုးရွားသည့်နှလုံးရောဂါအခြေအနေများ ဖြစ်နိုင်ခြေပိုများစေသည်။ ခရမ်းသီးတွင် ကျန်းမာရေးအတွက်အကျိုးပြုသော အပင်ထွက်အာဟာရဓာတ်များစွာ (Phytonutrients) ပါဝင်ခြင်းကြောင့် အဓိကအားဖြင့် နှလုံးကိုကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကိုလျော့ကျစေခြင်းနှင့် သွေးကြောလုပ်ဆောင်ချက်များ ကောင်းမွန်စေခြင်းတို့အတွက် ထောက်ကူပေးသည်။ ခရမ်းသီးတွင် မကောင်းသည့် ကိုလက်စထရောပါဝင်မှုပမာဏ နည်းပါးသောကြောင့် နှလုံးသွေးကြောပိတ်ဆို့မှုဖြစ်စေနိုင်သည့် အဆီချေးများဖြစ်မလာရန် ကာကွယ်ပေးနိုင်သည့်အပြင် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ၃၄ ရာခိုင်နှုန်းခန့် လျော့ချနိုင်မည်ဖြစ်သည်။

**ကိုလက်စထရောပမာဏကို လျော့ချပေးခြင်း**

လေ့လာတွေ့ရှိချက်များအရ ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် သွေးတွင်းကိုလက်စထရော (Cholesterol) ပမာဏကို လျော့ချပေးမည်ဖြစ်သည့်အပြင်ကိုယ်အလေးချိန်ကိုထိန်းညှိပေးမည်ဖြစ်သည်။

**ကင်ဆာဖြစ်ပွားမှုကိုကာကွယ်ပေးခြင်း**

ခရမ်းသီးတွင်ပါဝင်သည့် ပိုလီဖီနော (Polyphenol) ဒြပ်ပေါင်းအနေဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ခရမ်းသီးတွင် ကင်ဆာရောဂါ၊ ဗိုင်းရပ်နှင့် ရောင်ရမ်းမှုများကို တိုက်ဖျက်ပေးသည့် အစွမ်းထက်ဒြပ်ပေါင်း Anthocyanin နှင့် Chlorogenic Acid ဓာတ်တို့ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွင်း ကင်ဆာကျိတ်များ ပြန့်ပွားမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**မှတ်ဉာဏ်ချို့ယွင်းမှုကိုကာကွယ်ပေးခြင်း**

ခရမ်းသီးတွင် Anthocyanin အက်စစ်ဓာတ်ပါဝင်မှုကြောင့် မှတ်ဉာဏ်စွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး ဦးနှောက်ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးနိုင်သဖြင့် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးပေးသင့်သည်။ ထို့ပြင် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် အာရုံကြောများ ရောင်ရမ်းခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်ကိုထိန်းညှိပေးခြင်း**

အဆီဓာတ်မပါရှိသည့် ခရမ်းသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အပြင် ကယ်လိုရီပါဝင်မှုနည်းပါးသောကြောင့် မကြာခဏ အစာစားချင်စိတ်ကို ဖြစ်ပေါ်စေမည်မဟုတ်ဘဲ ကိုယ်အလေးချိန်မြင့်တက်မှုကိုလည်း ကာကွယ်ပေးနိုင်ပြီး အဆီကျကျစ်လျစ်မည်ဖြစ်သည်။ ခရမ်းသီးအစိမ်း ၁၀၀ ဂရမ်တွင် ၂၄ ကယ်လိုရီသာပါရှိသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအနေဖြင့် ခရမ်းသီးကိုစားသုံးပေးနိုင်သည်။

**အသည်းကျန်းမာရေးကောင်းမွန်စေခြင်း**

ခရမ်းသီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidant) ဒြပ်ပေါင်းများအနေဖြင့် အသည်းရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်ဟု သိရှိရသည်။

**အမျိုးအစား-၂ဆီးချိုမဖြစ်ပွားစေရန် ကာကွယ်ပေးခြင်း**

ခရမ်းသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ပျော်ဝင်လွယ်သည့် ကာဗိုဟိုက်ဒရိတ် (Carbohydrate) ဒြပ်ပေါင်းများ ပါဝင်မှုနည်းပါးသောကြောင့် ဆီးချိုရောဂါခံစားနေရသူများအနေဖြင့် ပုံမှန်စားသုံးပေးသင့်သည်။ ခရမ်းသီးတွင် ဂလူးကို့စ်စုပ်ယူမှုကို ထိန်းချုပ်ပေးသော ဒြပ်ပေါင်းများဖြစ်သည့် Alpha-Glucosidase နဲ့ Angiotensin ဒြပ်ပေါင်းများ ပါဝင်မှုမြင့်မားသောကြောင့် သွေးတွင်းသကြားဓာတ်မြင့်တက်မှုကို ထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ပြီး ထိန်းချုပ်ပေးနိုင်မည်ဖြစ်သည်။ ခရမ်းသီးတွင်ပါဝင်သည့် Phenols ဓာတ်ကြောင့်လည်း အင်ဆူလင်က ကာဗိုဟိုက်ဒရိတ်များကိုဖြိုခွဲမှုနှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်နိုင်သည်။

**အရိုးများကိုကြံ့ခိုင်သန်စွမ်းစေခြင်း**

ခရမ်းသီးတွင် အရိုးကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး ကယ်လ်စီယမ်ကို ထိရောက်စွာအသုံးချနိုင်ရန် ထောက်ကူပေးသည့် Phytonutrients၊ သံဓာတ်၊ မဂ္ဂနီစီယမ်နှင့် ဗီတာမင် K တို့ကြွယ်ဝစွာပါဝင်သောကြောင့် နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် အရိုးများကို ကြံ့ခိုင်သန်စွမ်းစေသည်။ အရိုးပွရောဂါမဖြစ်ပွားစေရန် ခရမ်းသီးကို မကြာခဏစားသုံးပေးရန်လိုပါသည်။

**အစာခြေစနစ်ကိုကောင်းမွန်စေသောခရမ်းသီး**

ခရမ်းသီးတွင် ရေဓာတ်နှင့် အမျှင်ဓာတ်တို့ ကြွယ်ဝစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသည်။

**သံဓာတ်လွန်ကဲမှုကိုလျှော့ချပေးခြင်း**

ခရမ်းသီးတွင်ပါဝင်သည့် Nasunin ဓာတ်သည် ခန္ဓာကိုယ်စနစ်အတွင်းမှ ပိုလျှံနေသည့်သံဓာတ်ပမာဏကိုလျှော့ချပေးနိုင်သည်။ သံဓာတ်လွန်ကဲသည့်အခါ ရုတ်တရက်နှလုံးခေတ္တရပ်ခြင်း၊ ကင်ဆာရောဂါနှင့်ဆက်နွှယ်စေပြီး Free Radical ထွက်ရှိမှုကို တိုးစေနိုင်သည်။ အထူးသဖြင့် သွေးဆုံးကာနီးအမျိုးသမီးများတွင် သံဓာတ်လွန်ကဲမှုပိုဖြစ်စေနိုင်သည်။

**အသားအရေလှပစေခြင်း**

ခရမ်းသီးတွင် ဗီတာမင် C နှင့် ဗီတာမင် E ကြွယ်ဝသောကြောင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အကာအကွယ်ပေးသည့်အပြင် အရေးအကြောင်းများ၊ အမည်းစက်များအပြင် အိုမင်းရင့်ရော်မှုလက္ခဏာများကို နှေးကွေးစေသည်။ Nasunin သည် ဝက်ခြံနှင့် Psoriasis ကဲ့သို့ ဆဲလ်အမြှေးပါးများ ထိခိုက်ရောင်ရမ်းမှုအခြေအနေများမဖြစ်စေရန် ကာကွယ်သည့် Free Radical တားဆီးရေးပစ္စည်းအဖြစ် လုပ်ဆောင်ပေးသည်။ ခရမ်းသီးတွင် အသားအရေလှပစေရန်အတွက် လိုအပ်သည့် Niacin၊ Folate နှင့် Manganese ဓာတ်များလည်း ပါဝင်သည်။

**စိတ်ကျရောဂါလက္ခဏာများကို သက်သာလျော့ပါးစေခြင်း**

ခန္ဓာကိုယ်တွင် Serotonin ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးချို့တဲ့သည့်အခါ စိတ်ကျဝေဒနာနှင့် စိုးရိမ်ပူပန်မှုကိုဖြစ်စေသည်ဟုသိရသည်။ ခရမ်းသီးတွင် Serotonin အတွက်အရေးပါသည် Scopoletin ဓာတ်တစ်ခုပါဝင်သောကြောင့် စိတ်ကျရောဂါဝေဒနာများကို သက်သာလျော့ပါးစေသည်။

**သတိထားရမည့်ခရမ်းသီး**


ခရမ်းသီးက လူတိုင်းနှင့်တည့်သော်လည်း လေပွစေနိုင်ခြင်းကြောင့် အလွန်အကျွံမစားသုံးမိရန်လိုသည်။

**အနှစ်ချုပ်**

ခရမ်းသီးတွင် ဗီတာမင်များ၊ အာဟာရဓာတ်များနှင့် အမျှင်ဓာတ်များ ပြည့်ဝစွာပါဝင်ပြီး နှလုံး၊ ဦးနှောက်၊ အရေပြားနှင့် အရိုးကျန်းမာရေးကို အကျိုးပြုစေသည့်အပြင် အစာခြေစနစ်ကို ကောင်းမွန်စေပြီး အမျိုးအစား-၂ ဆီးချိုရောဂါကိုပါ ထိန်းနိုင်သည့်အစွမ်းရှိသောကြောင့် အစာလည်း ဆေး၊ ဆေးလည်းအစာ ဆိုသကဲ့သို့ ခရမ်းသီးကို သင့်တင့်မျှတစွာ စားသုံးခြင်းဖြင့် ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများကို ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်


ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ

အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၅၆၀၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၅၆၀၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၇၈၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၆၀၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၄၅၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကြက်သွန်နီဧက ၇၈၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ အခုလက်ရှိမှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၅၆၀၃ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ အရောင်းအဝယ်ကောင်းဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက် တောင်သူများ အဆင်ပြေစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းဝန်းကျင်ခန့် ကုန်ကျစရိတ်ရှိပြီး တစ်ဧကအထွက်နှုန်း ပိဿာချိန် ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် သံပရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဧပြီ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံပရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၁ ကြိမ်မြောက် ထုတ်ချေးခြင်းကို ဧပြီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါလမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သံပရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၁ ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၃၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၆၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သိန်း ၅၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

ဇင်မာ

## ခေတ်သစ်လယ်ယာ ပြည့်ဘဏ္ဍာ

\- စပါးတွေ ရိတ်ခြွေပြီးတော့
မြေကြီးက ရွှေသီးရန်၊
ဆောင်းသီးနှံ အမြန်စိုက်လျက်
ထွန်စက်တို့ညံ၊
ကုလားပဲနှင့် ဂျုံကြဲရန်
မြေဆီခံလို့ စံပြထွက်၊
ခေတ်အညီ အမီလိုက်ဖို့
စိတ်ကြိုက်ထွန်ယက်။


\- မြေပဲတွေ နေကြာဖက်လို့
ဆီထွက်တိုး စိုက်ပျိုးကာ၊
မျိုးကောင်းရာ ရှာအစွမ်းနှင့်
စီတန်းစိုက်စွာ၊
သီးထပ်နှင့် သီးညှပ်ကာ
တို့လယ်ယာ ကျရာအခန်း၊
ပြည့်ဝမ်းစာ ဖြည့်ပါစွမ်းလို့
ရှေ့သို့ခြေလှမ်း။

\- ရိတ်သိမ်းမြေ ခါနွေဆန်းတော့
လုပ်ငန်းတို့ တန်းလို့ပြင်၊
တသွင်သွင် ရေလျှဉ်ကောင်းသည့်
ဆည်မြောင်းဂုဏ်အင်၊
ရေပြင်ဖွေး ထွန်ရေးငင်
ဘောင်ပျိုးပင်က ရှင်သန်စွမ်း၊
ဘောက်တစ်သိုက် မယ်တို့
ကောက်စိုက်လယ် ကြိုးငယ်တန်းလျက်
ကောက်ကွက်ယဉ်ဆန်း။

\- ခေတ်အမြင် ရင်ပေါင်တန်းလို့
အစဉ်ဆောင်စွမ်း ကြိုးပမ်းစေ၊
လယ်ယာမြေ ကဏ္ဍအလိုက်
စံပြထိုက်ပေ၊
ရေဆင်းစပါး မျိုးကောင်းတွေ
မိုး ဆောင်း နွေ တွက်ခြေကိုက်၊
တို့အလုပ်မှာ
ထုတ်ပို့ကာ ဝင်ငွေရှာလို့
ပြည့်ဘဏ္ဍာ ဖြည့်စွာစွမ်းကြမယ်
ကြိုးပမ်းခွန်စိုက်။ ။

ကိုမောင်လှသိန်း(ညိုမြတို့ရွာ)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## လောင်စာဆီသိုလှောင်ထားသူများနှင့် မှောင်ခိုတင်ပို့သူများကို ထိုင်းဝန်ကြီးချုပ်ဝေဖန်

ဗန်ကောက် ဧပြီ ၃

ထိုင်းနိုင်ငံ ရင်ဆိုင်နေရသော လောင်စာဆီ ရှားပါးပြတ်လပ်မှု ပြဿနာအတွက် လောင်စာဆီကုန်သည်များ၊ လောင်စာဆီသိုလှောင်သူများ၊ လောင်စာဆီမှောင်ခိုတင်ပို့သူများကို ထိုင်းဝန်ကြီးချုပ် ချန်ဗီရာကူးလ်က ယနေ့တွင် ဝေဖန်ပြောကြားထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အကြီးစားနှင့် အလတ်စား လောင်စာဆီကုန်သည်များအနေဖြင့် လောင်စာဆီများကို သိုလှောင်ထား၍ မတန်တဆအမြတ်စွန်းရယူရန် ကြိုးစားနေကြကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပင်လယ်ရေကြောင်းမှတစ်ဆင့် လောင်စာဆီများ တင်သွင်းနေသူ ကုမ္ပဏီအချို့အနေဖြင့် ဈေးတက်မည့်အချိန်ကို စောင့်ဆိုင်းသည့်အနေဖြင့် လောင်စာဆီများ ဆိပ်ကမ်းများသို့ သတ်မှတ်ချိန်အတိုင်းမရောက်ရှိရန် အချိန်ဆွဲနေကြောင်း သိရသည်။

ထို့ပြင် လောင်စာဆီများ သိုလှောင်၍ အိမ်နီးချင်းနိုင်ငံများသို့ မှောင်ခိုတင်ပို့မှုဖြစ်စဉ်များကိုလည်း စစ်ဆေးတွေ့ရှိနေရကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားထားသည်။

လောင်စာဆီမှောင်ခိုပြဿနာကြောင့် ထိုင်းနိုင်ငံအနေဖြင့် ဘတ်ငွေဘီလီယံ ၅၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ)ဆုံးရှုံးနစ်နာခဲ့ရကြောင်း ထိုင်းဝန်ကြီးချုပ်၏အဆိုအရ သိရသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ထိုင်းနိုင်ငံ၌ လောင်စာဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO




## အီရန်သံရုံးယာယီတာဝန်ခံကို မလိုလားအပ်သူအဖြစ် အာဂျင်တီးနားကြေညာ

ဗျူနိုအေရိစ် ဧပြီ ၃

အီရန်သံရုံးယာယီတာဝန်ခံ မိုဆန်အီရာနီကို အာဂျင်တီးနားအစိုးရက မလိုလားအပ်သူတစ်ဦးအဖြစ် ဧပြီ ၂ ရက်တွင် ကြေညာခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မလိုလားအပ်သူ တစ်ဦးအဖြစ် ကြေညာခဲ့ပြီးနောက် အီရန်သံရုံးယာယီတာဝန်ခံ မိုဆန်အီရာနီကို ၄၈ နာရီအတွင်း အာဂျင်တီးနားမှ ထွက်ခွာရန်ညွှန်ကြားထားကြောင်း အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အာဂျင်တီးနားသမ္မတ ဇာဗီယာမိုင်လေကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ခဲ့ပြီးနောက် အာဂျင်တီးနားနိုင်ငံဆိုင်ရာ အီရန်သံရုံး ယာယီတာဝန်ခံကို အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီးဌာနက မလိုလားအပ်သူအဖြစ်ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်ကိုတိုက်ခိုက်ရာတွင် အာဂျင်တီးနားသမ္မတ မိုင်လေလည်း ပါဝင်ပတ်သက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၁ ရက်တွင် ဝေဖန်ထားပြောကြားသည်။

အာဂျင်တီးနားသမ္မတ မိုင်လေသည် လက်ယာစွန်းနိုင်ငံရေးဝါဒီတစ်ဦးဖြစ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မဟာမိတ်တစ်ဦးလည်းဖြစ်သည်။

အာဂျင်တီးနား နိုင်ငံသည် အီရန်တော်လှန်ရေး အစောင့်တပ်ကိုလည်း ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဟော်မုဇ်ရေလက်ကြားဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂလုံခြုံရေးကောင်စီမဲခွဲ ဆုံးဖြတ်မည်



နယူးယောက် ဧပြီ ၃

ဟော်မုဇ်ရေလက်ကြားဒေသ ရေကြောင်း သွားလာမှုများကို ကာကွယ်ရေးအတွက် ဘာရိန်းနိုင်ငံက အဆိုပြုတင်သွင်းထားသော ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သံတမန်သတင်းအရင်းအမြစ်များက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ဧပြီ ၄ ရက်တွင် ကျင်းပမည့် လုံခြုံရေးကောင်စီ အစည်းအဝေး၌ မဲခွဲဆုံးဖြတ်မည် ဖြစ်ကြောင်း သံတမန်များက ပြောကြားထားသည်။

ဘာရိန်းနိုင်ငံ၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်း၌ ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုများကို ကာကွယ်ရေးအတွက် လိုအပ်သည့်ကာကွယ်ရေးနည်းလမ်းမှန်သမျှ အသုံးပြုခွင့်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ဘာရိန်းနိုင်ငံ၏ ဆုံးဖြတ်ချက်မူကြမ်းကို အတည်ပြုနိုင်ရေးအတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအနက် အနည်းဆုံးကိုးနိုင်ငံ၏ထောက်ခံမဲနှင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံတို့က ဗီတိုအာဏာဖြင့် မပိတ်ပင်ရန် လိုအပ်သည်။

သို့ရာတွင် ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုများ စစ်အင်အားဖြင့် ကာကွယ်ရေး အစီအစဉ်ကို လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံက ကန့်ကွက်နိုင်ဖွယ်ရှိသည်။

ဟော်မုဇ် ရေလက်ကြားကို စစ်အင်အားဖြင့် အကာအကွယ်ပေးမည်ဆိုပါက အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခအခြေအနေ ပိုမိုပြင်းထန် လာနိုင်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီးက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တရုတ်နိုင်ငံ၌ကျင်းပနေ



ပေကျင်း ဧပြီ ၃

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တရုတ်နိုင်ငံ၌ ကျင်းပနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တရုတ်နိုင်ငံ၌ ကျင်းပနေကြောင်း သတင်းများ ပေါ်ထွက်လာပြီးနောက် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ကြားဝင်ညှိနှိုင်းမှုအရ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် တာဝန်ရှိသူများအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပနေပြီး အပြုသဘောဆောင်သည့်ရလဒ်များ ရရှိထားကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားထားသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပနေသည့်နေရာကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် သတင်းမီဒီယာများ၏အဆိုအရ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း အူရမ်ကျီမြို့၌ ကျင်းပနေခြင်းဖြစ်သည်။

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နိုင်ငံတို့သည် ပြီးခဲ့သည့် အောက်တိုဘာလမှစ၍ စစ်ရေးအရအပြန်အလှန်တိုက်ခိုက်ခဲ့ကြရာ နှစ်ဖက်ပြည်သူအများအပြားသေဆုံးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## လျှို့ဝှက်သိုလှောင်ထားသော ဓာတ်ငွေ့အိုး ၄၀၀ ကျော်ခန့်ကို ဟိုက်ဒရာဘတ်မြို့ သုသာန်တစ်ခု၌တွေ့ရှိ

ဒေလီ ဧပြီ ၃

ဟိုက်ဒရာဘတ်မြို့ သုသာန်တစ်ခု၌ လျှို့ဝှက်ထားရှိသည့် မီးဖိုချောင်သုံး ဓာတ်ငွေ့အိုး ၄၁၄ လုံးကို အိန္ဒိယရဲတပ်ဖွဲ့က ယခုရက်သတ္တပတ်အတွင်း ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း ဧပြီ ၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဓာတ်ငွေ့အိုးများကို လျှို့ဝှက်သိုလှောင်၍ မှောင်ခိုဈေးကွက်၌ အမြတ်တင်ရောင်းချရန် ကြိုးပမ်းသူများကိုလည်း အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် အိန္ဒိယနိုင်ငံ၌ သဘာဝဓာတ်ငွေ့ရည် ရှားပါးမှုပြဿနာ ပေါ်ထွက်နေချိန်တွင် ဓာတ်ငွေ့အိုးများ လက်ဝယ်သိုလှောင်ထားမှုများကို နှိမ်နင်းရန် အိန္ဒိယအစိုးရက ကြိုးပမ်းလျက်ရှိသည်။

ယခု ရက်သတ္တပတ်အတွင်း ပြုလုပ်ခဲ့သည့် စီးနင်းရှာဖွေမှုများအတွင်း အိန္ဒိယရဲတပ်ဖွဲ့အနေဖြင့် ဟိုက်ဒရာဘတ်မြို့ သုသာန်တစ်ခု၌ လျှို့ဝှက်သိုလှောင်ထားသော ဓာတ်ငွေ့အိုး ၄၀၀ ကျော်ခန့်ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပြီး လူ ၁၀ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အိန္ဒိယအစိုးရ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး ဆူဂျာတာရှားမားက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ ဓာတ်ငွေ့အိုးများကို ပုံမှန်ဈေးထက်သုံးဆထိမြှင့်တင်၍ ရောင်းချရန် သိုလှောင်ထားသူများက ကြံစည်ထားကြောင်း အိန္ဒိယရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ဧပြီ ၁ ရက်ကလည်း အိန္ဒိယရဲတပ်ဖွဲ့သည် တစ်နိုင်ငံလုံးအတိုင်းအတာအရ စီးနင်းမှု ၂၆၀၀ ခန့်ပြုလုပ်ခဲ့ရာ သိုလှောင်ထားသည့် ဓာတ်ငွေ့အိုး ၇၀၀ ခန့်ကို ထပ်မံသိမ်းဆည်းနိုင်ခဲ့သည်ဟု အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်မှူး လေးဦးလိုက်ပါသည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့



ဝါရှင်တန် မေ ၃

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦးလိုက်ပါသည့် အိုရီယွန်အာကာသယာဉ်ကို မေ ၂ ရက်တွင် SLS ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး နာရီအနည်းငယ်အကြာတွင် အိုရီယွန်အာကာသယာဉ်သည် SLS ဒုံးပျံမှ အောင်မြင်စွာ ခွာထွက်ခဲ့ပြီး လကမ္ဘာခရီးစဉ်ကို စတင်ခဲ့သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အိုရီယွန်အာကာသယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူး ရိဒ်ဗိုက်စ်မင်း၊ ဗစ်တာကလိုဗား၊ ခရစ္စတီးနားကို့ခ်နှင့် ကနေဒါအာကာသယာဉ်မှူး ဂျရယ်မီဟန်ဆန်တို့ လိုက်ပါသွားကြောင်း သိရသည်။

၁၀ ရက်ကြာမြင့်မည့် အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်သည်အာကာသယာဉ်မှူးလေးဦးကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

မေ ၂ ရက် အားတီးမစ်-၂ မစ်ရှင်သည် ၁၉၇၂ ခုနှစ် နောက်ပိုင်း အာကာသယာဉ်မှူးများ လိုက်ပါသည့်ပထမဆုံး လကမ္ဘာစူးစမ်းလေ့လာရေး အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် ၂၁ ရာစု၏ပထမဆုံးသော အာကာသယာဉ်မှူးများ လိုက်ပါသည့် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## အင်္ဂါဂြိုဟ်ပေါ်၌ ပတ္တမြားနှင့် နီလာကဲ့သို့ အဖိုးတန်တွင်းထွက်ကျောက်များရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များပြောကြား

ဝါရှင်တန် မေ ၃

အင်္ဂါဂြိုဟ်ပေါ်၌ ပတ္တမြားနှင့် နီလာကဲ့သို့ အဖိုးတန် တွင်းထွက်ကျောက်များရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ ပြောကြားချက်အရ မေ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ပါဆီးဗရင့်စ် အာကာသယာဉ်သည် အင်္ဂါဂြိုဟ် ကျောက်သားများအတွင်း ပတ္တမြားပုံဆောင်ခဲများနှင့် ဓာတုဖွဲ့စည်းပုံချင်း တူညီသော Corund-um ခေါ် ပုံဆောင်ခဲတစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်တွေ့ရှိခဲ့သော Corundum ပုံဆောင်ခဲသည်



ကမ္ဘာပေါ်ရှိ ပတ္တမြားတို့၏ ပုံဆောင်ခဲ ဓာတုဖွဲ့စည်းပုံနှင့်တူညီကြောင်း သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် အာကာသယာဉ်က ရှာဖွေတွေ့ရှိထားသော အင်္ဂါဂြိုဟ်ပတ္တမြားပုံဆောင်ခဲများ၏ အရွယ်အစားမှာ အချင်း သုည ဒသမ ၂ မီလီမီတာမျှရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အင်္ဂါဂြိုဟ်ပတ္တမြား ပုံဆောင်ခဲများသည် ကမ္ဘာမြေပေါ်ရှိ ပတ္တမြားပုံဆောင်ခဲများကဲ့သို့ ပြင်းထန်သော မြေအောက်အပူဓာတ်နှင့် ဖိအားတို့ကြောင့် ပေါ်ထွက်လာခြင်းမဟုတ်ဘဲ ဂြိုဟ်သိမ်များဝင်တိုက်မှုကြောင့် ပေါ်ထွက်လာခြင်း ဖြစ်နိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အလင်းအားအကောင်းဆုံးနှင့် အဝေးဆုံးအာကာသလေဆာရောင်ခြည်ကို တောင်အာဖရိက သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိထား

ပရီတိုးရီးယား မေ ၃

ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အလင်းအားအကောင်းဆုံးနှင့် အဝေးဆုံး အာကာသ လေဆာရောင်ခြည်ကို တောင်အာဖရိက သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မေ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အာကာသလေဆာရောင်ခြည်သည် ကမ္ဘာဂြိုဟ်နှင့် နှစ်ပေါင်း ရှစ်ဘီလီယံခန့်အကွာတွင်ဖြစ်ပွားခဲ့သည့် ကြယ်စုနှစ်ခု ဝင်တိုက်မှုဖြစ်စဉ်မှ ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

HATLAS J 142935.3-002836ဟူ၍အမည်ပေးထားသည့် အဆိုပါ ကြယ်စုနှစ်ခု ဝင်တိုက်မှုဖြစ်စဉ်မှ ပေါ်ထွက်လာသည့် အာကာသ လေဆာရောင်ခြည်ကို ဖီရာကတ် ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလေဆာရောင်ခြည်သည် ဟိုက်ဒရိုဆီးလ်မီဂါမေဆာ(Hydroxyl Meya-ma-sar) အလင်းရောင်ဖြစ်ကြောင်း၊ ဟိုက်ဒရိုဆီးလ် မီဂါမေဆာ အာကာသလေဆာရောင်ခြည်များသည် ဟိုက်ဒရိုဆီးလ်မော်လီကျူးများတစ်ခုနှင့်တစ်ခု ဝင်တိုက်ချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

HATLAS J 142935.3-002836 ကြယ်စုနှစ်ခုဝင်တိုက်မှုဖြစ်စဉ်မှ ပေါ်ထွက်လာသည့် ဟိုက်ဒရိုဆီးလ်မီဂါမေဆာ အာကာသ လေဆာရောင်ခြည်သည် ကမ္ဘာဂြိုဟ်ဆီသို့ ရောက်ရှိရေးအတွက် အကွာအဝေးအလင်းနှစ် ရှစ်ဘီလီယံကို ဖြတ်သန်းခဲ့ရသည်ဖြစ်ရာ ကမ္ဘာနှင့်အဝေးဆုံး အာကာသ လေဆာရောင်ခြည် ဖြစ်သည်ဟု သိပ္ပံပညာရှင်များ ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## အရက်သောက်သုံးသည့် အဝလွန်အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မား

ကင်ဘာရာ မေ ၃

အရက်သောက်သုံးသည့် သက်လက်ပိုင်းအရွယ် အဝလွန်အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရင်သားကင်ဆာရောဂါသည် အမျိုးသမီးများကြား အဖြစ်အများဆုံး ကင်ဆာရောဂါတစ်မျိုးဖြစ်ပြီး မျိုးဗီဇ၊ ရင်သားတစ်ရှူးများ သိပ်သည်းမှု၊ ဟော်မုန်းထုတ်လုပ်မှုနှုန်းမြင့်မားမှုတို့နှင့် ဆက်စပ်နေသည့်ရောဂါဖြစ်သည်။

သို့ရာတွင် ဩစတြေးလျသုတေသနပညာရှင်များ၏ အဆိုအရ သက်လက်ပိုင်းအရွယ် အမျိုးသမီးများ၌ ရင်သားကင်ဆာဖြစ်ပွားမှုမှာ ဘဝနေထိုင်မှုပုံစံများနှင့်လည်း ဆက်စပ်နေသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်လက်ပိုင်းအရွယ် အဝလွန်အမျိုးသမီးအနေဖြင့် အရက်သောက်သုံးပါက ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် အမျိုးသမီးဦးရေ ၁၂၀၀၀ ကျော်တို့၏ ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း (ဘီအမ်အိုင်)နှင့် ဘဝနေထိုင်မှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသော ရလဒ်များအရ ဘီအမ်အိုင်အညွှန်းကိန်း ၂၅ နှစ်အထက်ရှိသူ သက်လက်ပိုင်း အဝလွန် အမျိုးသမီးများအနေဖြင့် အရက်သောက်သုံးပါက ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၃ ရာခိုင်နှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကိုဗစ်-၁၉ နောက်ဆက်တွဲ ပင်ပန်းနွမ်းနယ်မှုကို စိတ်ကျရောဂါဆေးတစ်မျိုးက ကုသနိုင်ဖွယ်ရှိ

ဘရာဇီးလီးယား မေ ၃

လူသုံးများသည့် စိတ်ကျရောဂါဆေးတစ်မျိုးသည် ကိုဗစ်-၁၉ကြောင့် နောက်ဆက်တွဲပင်ပန်းနွမ်းနယ်မှုပြဿနာကို ကုသနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်တွေ့စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ Fluvoxamine ခေါ် အဆိုပါ စိတ်ကျရောဂါဆေးသည် ကိုဗစ်-၁၉ နောက်ဆက်တွဲ ပင်ပန်းနွမ်းနယ်မှု ပြဿနာကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ဘရာဇီးသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဘရာဇီးသုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ဖြစ်ပွားခဲ့ပြီးနောက် အနည်းဆုံးရက်ပေါင်း၉၀ထိ ပင်ပန်းနွမ်းနယ်မှုပြဿနာ ခံစားခဲ့ကြရသူ ၄၀၀ ကျော်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Fluvox-amine ဆေးဖြင့် ကုသမှုခံယူခဲ့သူများတွင် ကိုဗစ်-၁၉ နောက်ဆက်တွဲ ပင်ပန်းနွမ်းနယ်မှုပြဿနာ လျော့ပါး သက်သာနေတတ်သည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် Fluvoxamine နှင့် ကိုဗစ်-၁၉ နောက်ဆက်တွဲ ပင်ပန်းနွမ်းနယ်မှု ပြဿနာတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်သေးခြင်း မရှိသေးကြောင်း သိရသည်။။။

**Ref : Russia Today**

**Trs : KKO**



# ရွှေနိုင်ငံသစ်အုတ်မြစ်များနှင့် မြန်မာ့အရှေ့ဦးနေ့သစ်ရောင်နီ

ရဲခေါင်



အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလသုံးပါးယန္တရားသည် တစ်ခုကို တစ်ခု အထောက်အမှီပြုကာ ဆက်စပ်လည်ပတ်လျက်ရှိနေပါသည်။ အတိတ်သည် ပစ္စုပ္ပန်၏အရိပ်နှင့်ခြေရာဟုလည်း ဆိုကြပါသည်။ တစ်နည်းအားဖြင့် ထိုအရိပ်နှင့် ခြေရာတို့မှာ ဆင်ခြင်တုံတရားကို ပေးစွမ်း၍ သင်ခန်းစာဖော်ထုတ်ရယူနိုင်သော ဥပမာကောင်းတစ်ရပ်လည်းဖြစ်ပါသည်။ ပစ္စုပ္ပန်မှာမူ အနာဂတ်သို့ဦးတည်လျှောက်လှမ်းရမည့်ခရီးအတွက် စမှတ်ပင်ဖြစ်ပါသည်။ ပစ္စုပ္ပန်တွင် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုးပမ်းတည်ဆောက်ခြင်းတို့မှာ အနာဂတ်အတွက် ခွန်အားနှင့်အောင်မြင်မှုကိုဆောင်ကြဉ်းပေးနိုင်မည့် အရင်းခံအကြောင်းတရားများဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းဆန်းစစ်ကြည့်လျှင် လွတ်လပ်ရေးရပြီးစကာလမှစ၍ ခေတ်အဆက်ဆက်တွင် အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် ပြောင်းလဲကျင့်သုံးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စတင်ခြေချနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် အဆင်ပြေချောမွေ့စွာ လျှောက်လှမ်းနိုင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့လေသည်။ ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ ပါဝင်ယှဉ်ပြိုင်ကြသည့်ပါတီများ၏ တိုင်ကြားမှုများအပေါ်တည်ဆဲအစိုးရအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းမှုမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့သောကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ယခုနိုင်ငံတော်အကြီးအကဲ)သည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီမှုရှိစေရေး အစိုးရအဖွဲ့ကို နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့် အရပ်သားများ၊ တပ်မတော်သားများဖြင့် ဖွဲ့စည်းခဲ့သည့်အတွက် ပြည်သူ့ဆန္ဒအပေါ် အလေးထားမှုနှင့် နိုင်ငံရေးရင့်ကျက်မှုကို ပြသနိုင်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သည့်အစိုးရအဖွဲ့မှာ အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှပင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဆင့်ပြီးတစ်ဆင့်အခြေအနေကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

ဤနေရာတွင် နိုင်ငံတော်အကြီးအကဲအား ဗိသုကာတစ်ဦးဟု ပမာပြုရပါလျှင် မိမိတို့နိုင်ငံအား အိမ်ကြီးတစ်လုံးဟု ရည်ညွှန်းရပါလိမ့်မည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသဖြင့် ပြည်ထောင်စုအိမ်ကြီးဟုလည်း ဆိုနိုင်ပါသည်။ ဗိသုကာတစ်ဦးသည် အိမ်တစ်လုံးအား တည်ဆောက်ရာတွင် တည်တံ့ခိုင်မြဲခြင်းလည်းရှိအောင်၊ လှပသာယာခြင်းလည်းရှိအောင် ကြိုးပမ်းအားထုတ်ကြစမြဲဖြစ်ပါသည်။ ထိုနည်းတူပင် ဗိသုကာတစ်ဦးနှယ်ဖြစ်သော နိုင်ငံတော်အကြီးအကဲသည် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အမိနိုင်ငံတော်တည်းဟူသော ပြည်ထောင်စုအိမ်ကြီးကို ရှုထောင့်အသီးသီး၊ မျက်နှာစာအဖုံဖုံ၊ အခန်းကဏ္ဍအစုံစုံတို့မှ အားနည်းချွတ်ယွင်းမှုမရှိရလေအောင် ခိုင်ခိုင်မာမာကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာ့အရှေ့ဦးက နေ့သစ်ရောင်နီများကို ကြိုဆိုလက်ခံနိုင်ရန် အလင်းတံခါးကို ဆွဲဖွင့်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ရွှေနိုင်ငံသစ်အတွက် ခိုင်မာမြဲမြံသောအုတ်မြစ်များ ချမှတ်တည်ဆောက်နိုင်ခဲ့ခြင်းဟုလည်း ဆိုရပါမည်။

နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြု၍ စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့ပါသည်။ နိုင်ငံရေးလောကဓံဟုဆိုရမည့် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ရလေ့ရှိသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့်လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရပါသည်။ ထိုသို့ရှိစဉ် အခြားတစ်ဖက်တွင်လည်း ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်များမှာ သမိုင်းတွင်မည့်ကမ္ပည်းစာမျက်နှာများအဖြစ် ခိုင်ခိုင်မာမာ မှတ်ကျောက်တင်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုထိုသော စိန်ခေါ်မှုအခက်အခဲများကြားမှာပင် ပြည်သူများ အထူးလိုလားတောင့်တမျှော်လင့်နေသည့် လွတ်လပ်ပြီး တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းမှာ မြန်မာ့နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင်နိုင်ငံတော်အကြီးအကဲ၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ထင်ဟပ်ပေါ်လွင်နေပါသည်။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ ရာဂီမုန်တိုင်းနှင့်ဆိုးရွားသည့်ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု၊ ၂၀၂၅ ခုနှစ်တွင် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု စသည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်ငြား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုတောင်းသည့် အချိန်ကာလအတွင်းမှာပင် အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံတော်အကြီးအကဲ၏ ခေါင်းဆောင်ကောင်းပီသစွာ စည်းရုံးနိုင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ စည်းစနစ်ကျနခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ပြတ်သားခြင်း၊ လိုက်လျောညီထွေစွာပြုမူခြင်း၊ ပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုလားတောင့်တချက်ဖြစ်ပါသည်။ ထိုသို့တည်ဆောက်နိုင်ရေးအတွက်မရှိမဖြစ်လိုအပ်ချက်မှာ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်တွင် “ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို မိမိကိုယ်တိုင်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားမယ်”ဆိုသည့် ငြိမ်းချမ်းရေးမိန့်ခွန်းနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနှင့် ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ကိုထောက်ချင့်၍ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးအပေါ်ထားရှိသည့်ထက်သန်ပြင်းပြသောစိတ်ရင်းစေတနာကို တွေ့မြင်နိုင်ပါသည်။

ထို့အတူ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာကိစ္စရပ်များတွင်လည်း ယနေ့ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကောင်းများ ပိုမိုတိုးမြှင့်တည်ဆောက်နိုင်ခဲ့ပါသည်။

နိုင်ငံ့စီးပွားပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတကာ၏စီးပွားရေးပိတ်ဆို့မှုများကို ကြံ့ကြံ့ခံပြီး သွင်းကုန်အစားထိုးပစ္စည်းများ ပိုမိုထုတ်လုပ်ရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိရေး၊ နိုင်ငံတွင်း စားရေရိက္ခာဖူလုံစေရေးတို့အတွက် စီးပွားရေးမူဝါဒများကို အစဉ်တစိုက် ချမှတ်ကြပ်မတ်ထိန်းကျောင်းခဲ့သည်။ စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများ (Agro-based Industries)ကိုမဏ္ဍိုင်ပြု၍ MSME လုပ်ငန်းများကို နိုင်ငံနှင့်တစ်ဝန်း အားပေးမြှင့်တင်ကာ လိုအပ်သည့် ထောက်ပံ့မှုများစွာကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်အကြီးအကဲသည် ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အဆင့် အလုပ်သဘောခရီးစဉ်နှင့်ချစ်ကြည်ရေးခရီးစဉ်များသွားရောက်စဉ်အတွင်း မိမိနိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေရန် မျှော်ရည်ပြီး သက်ဆိုင်ရာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် စီးပွားရေးဖိုရမ်များမှတစ်ဆင့် ပိုမိုကျယ်ပြန့်သော နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်အခွင့်အလမ်းများကို မိမိနိုင်ငံသို့ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေတစ်ရပ်ထူထောင်၍ ပြည်သူများ၏ လူမှုစီးပွားဘဝကို အကြားအလပ်မရှိမြှင့်တင်ပေးနိုင်ခဲ့သည်။

ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့်ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့သည်။ KG+ 9 အထိ မသင်မနေရပညာရေးအဖြစ် ရဲရဲဝံ့ဝံ့ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ခြင်းပင်ဖြစ်သည်။ ထို့မျှမက တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လိုအပ်သည့်အခမဲ့ထောက်ပံ့မှုများကို စီမံဖြည့်ဆည်းပေးခဲ့ပါသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 ထိပြီးမြောက်ရေး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းပေါင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်

**“ယနေ့ပြောင်းလဲနေသည့် နိုင်ငံတကာအခြေအနေများအောက်တွင် မိမိတို့နိုင်ငံသည်လည်း စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းများစွာရှိနေသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်စဉ်အတွင်း ထိုအခွင့်အလမ်းများကို အမိအရဖမ်းဆုပ်နိုင်ရန် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရှင်သန်ရေးနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ် . . .”**

စာမျက်နှာ ၉ သို့

**စာမျက်နှာ ၈ မှအဆက်**

Naypyitaw State Academy၊ နေပြည်တော်နည်းပညာတက္ကသိုလ်၊ Polytechnic University ကို နေပြည်တော်အပါအဝင် မြို့ကြီးခြောက်မြို့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ နိုင်ငံအတွင်းရှိတက္ကသိုလ်အားလုံးတွင် စီးပွားရေးနှင့်ဥပဒေပညာရပ် သင်ကြားပေးနိုင်ရေး၊ BA (Law)နှင့် BA (Eco)ဘွဲ့များသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံရေးနှင့်ပညာရေး ဟန်ချက်ညီစွာပေါင်းစပ်နိုင်ခြင်း၏ရှေ့ပြေးခြေလှမ်းများဟု ဆိုရပါမည်။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ မူဝါဒမှာ ရှင်းလင်းပြတ်သားလှပါသည်။ "ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်"၊ "လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"ဟူ၍ဖြစ်သည်။ ထိုလမ်းညွှန်ချက်နှင့်အညီပင် ပြည်သူများ သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးနှင့် ကျန်းမာကြံ့ခိုင်ရေးတို့ကို ရည်မှန်းထားသည့်အတိုင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

"ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဆိုသည့်အတိုင်း ငါးနှစ်တာကာလအတွင်း ပြည်သူ့ဆေးရုံတိုင်းအတွက် သစ်လွင်ဆရာဝန် ၂၆၄၉ ဦးအပါအဝင် သွားနှင့်ခံတွင်းဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများတက်ရောက်ခွင့်ကို စီစဉ်ပေးလျက်ရှိသည့်နည်းတူ သူနာပြုများ၏ရာထူးအဆင့်မြှင့်တင်ခြင်းနှင့် သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံကျောင်းများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါသည်။

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို အဆင့်ဆင့် စနစ်တကျ ပြန်လည်ဆောင်ရွက်ရမည်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ကတည်းက ပင်မှတ်သားခဲ့ရဖူးသည်။ နိုင်ငံတစ်ဝန်းခရီးစဉ်များတွင် အားကစားကွင်းများစွာသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အဆင့်မီပြုပြင်မွမ်းမံရေး လမ်းညွှန်မှာကြားခြင်း၊ အားကစားအထောက်အကူပြုပစ္စည်းကိရိယာများ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် မြန်မာနိုင်ငံ၏ကာကွယ်ရေးစွမ်းအား မြင့်မားတိုးတက်အောင် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် ခြေလျင်တပ်ရင်း/တပ်ဖွဲ့များကိုသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းရည်၊ စွမ်းအားများကိုပါ မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ တပ်မတော်(ရေ)အတွက် လိုအပ်သည့်စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်များ၊ ရဟတ်ယာဉ်များရရှိရေးအတွက် ဆောင်ရွက်နိုင်ခဲ့သည်။ ပင်လယ်ကမ်းရိုးတန်းအရှည် မိုင်ပေါင်း ၁၃၀၀ ကျော်နှင့် ရေပြင်ဧရိယာ ၁၄၄၉၀၂ စတုရန်းမိုင်ခန့် ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ကျယ်ဝန်းသောပင်လယ်ပြင်ကိုကာကွယ်ရန် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၆ ရက်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲသည် လူငယ်ထုအင်အားစုကြီး တည့်မတ်ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် အသိမှန်၊ အမြင်မှန်၊ လမ်းမှန်ညွှန်ပြနိုင်ရေး ဦးဆောင်လမ်းညွှန်မှုများ၊ ထောက်ပံ့ချီးမြှင့်မှုများ၊ အကောင်အထည်ဖော်ဆောင်မှုများကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လူငယ်နှင့်စာပေပွဲတော်၊ လူငယ်နှင့် စာပေအနုပညာပြပွဲ၊ လူငယ်ဖိုရမ်၊ မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅၊ လူငယ်နှင့်အနာဂတ်မြန်မာ-သိပ္ပံနှင့်နည်းပညာ စသည့် လူငယ်ဆိုင်ရာပွဲတော်များကို ပညာရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ဆက်စပ်၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စွာ အနှစ်သာရရှိရှိ ကျင်းပဆောင်ရွက်စေခဲ့ပါသည်။ ထို့ပြင် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် လူငယ်တို့၏ စွမ်းရည်စွမ်းပကားကို မြင့်မားတိုးတက်စေခဲ့ပါသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ လူသားမျိုးနွယ်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပထမဆုံးအဖြစ် ဂုဏ်ယူဖွယ်ရာပါဝင်လာပြီဖြစ်ပါသည်။ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးယဉ်ကျေးမှုနှင့်လက်ဖက်စိုယဉ်ကျေးမှုကို ယူနက်စကို၏ Representative List of The Intangible Cultural Heritage of Humanity သို့ အမည်စာရင်းတင်သွင်း၍ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ထုံးဓလေ့များနှင့် မြန်မာမှု၊ မြန်မာ့ဟန်စစ်စစ်များကို ရှေးမြန်မာဘိုးဘွားအစဉ်အဆက်က ဖန်တီးပုံဖော်တည်ဆောက်ထိန်းသိမ်းလာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာ့အနုပညာရပ်များကို မြတ်နိုးတန်ဖိုးထားနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ အားပေးထောက်ပံ့လမ်းညွှန်မှုနှင့်အတူ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ခမ်းနားစွာကျင်းပလျက်ရှိသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုခံတပ်ကြီးများအဖြစ် မားမားမတ်မတ်ရပ်တည်နေပြီဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲသည် အမျိုးဘာသာသာသနာ ယဉ်ကျေးမှုနှင့် စာပေ၊ ဂီတ၊ သုခုမအနုပညာအရပ်ရပ်တို့ကို လှိုက်လှဲစွာအားပေးချီးမြှင့်လေ့ရှိပါသည်။ ဆိုင်ရာဆိုင်ရာအနုပညာရှင်ကြီးများကိုလည်း ရင်းနှီးနွေးထွေးစွာ တွေ့ဆုံလေ့ရှိပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေများနှင့် အခြေခံအမယ်စားကုန်များကို တစ်ပြေးညီ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့မျှမက ယနေ့တိုင် စာပေဗိမာန်အသင်းဝင်တစ်ဦးဖြစ်သော နိုင်ငံတော်အကြီးအကဲသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့်စာအုပ်စာစောင်များကို အကြိမ်များစွာ ပေးအပ်လှူဒါန်းလေ့ရှိပါသည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသည့်ဆောင်ပုဒ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများ နှစ်စဉ်ကျင်းပခြင်း၊ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ သဘာဝသစ်တောများထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောကြိုးဝိုင်းများ၊ ကာကွယ်တောများ တိုးချဲ့သတ်မှတ်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် မီးခိုးမြူငွေ့များဖြစ်ပေါ်စေပြီး မှန်လုံအိမ်ဓာတ်ငွေ့များထွက်ပေါ်စေသည့် လယ်ယာမြေမီးရှို့ခြင်း၊ တောင်ယာနှင့် တောမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းများ မပြုလုပ်ရန်အထိ အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ခြင်းတို့ကို ဂရုပြုဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အစိုးရအဖွဲ့သည် မြန်မာနိုင်ငံနှင့်တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ အားသွန်ခွန်စိုက် အင်တိုက်အားတိုက် ပြတ်ပြတ်သားသားနှိမ်နင်းလျက်ရှိကာ အရေးယူဆောင်ရွက်ချက်ကို ပွင့်လင်းမြင်သာစွာထုတ်ပြန်အသိပေးနိုင်ခဲ့ပါသည်။

အနှစ်ချုပ်အားဖြင့်ဆိုရပါသော် ဘာသာသာသနာစာမျက်နှာ၌လည်း နိုင်ငံတော်အကြီးအကဲ၏မမေ့မလျော့သော အပ္ပမာဒတရားဖြင့် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့နိုင်မှုစွမ်းအားမှာ ကြီးမားကျယ်ပြန့်လှသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ စေတနာသဒ္ဓါတရားနှင့် စိတ်ဓာတ်အဟုန်တို့မှာ ထက်သန်ပြင်းပြလှပါသည်။ ယင်းတို့၏အစွမ်းသတ္တိအားဖြင့် သာသနာတော်ဆိုင်ရာမှတ်ကျောက်များ ထူးခြားလေးနက်စွာ ပေါ်ထွန်းလျက်ရှိပါသည်။ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်သည် (၁၆) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်အဖြစ်လည်းကောင်း၊ (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရဆရာတော်သည် (၁၇)ပါးမြောက်တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်အဖြစ်လည်းကောင်း၊ (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဘဒ္ဒန္တဝိစိတ္တသာရဆရာတော်သည် (၁၈)ပါးမြောက်တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်အဖြစ်လည်းကောင်း နှစ်ကာလအပိုင်းအခြားမရှိ ပေါ်ထွန်းလာခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ဘာသာတရားအပေါ် အလေးအနက် သက်ဝင်ယုံကြည်မှု၊ ကြည်ညိုသဒ္ဓါစိတ်ထက်သန်ပြင်းပြမှုတို့ဖြင့် ဦးဆောင်ဦးရွက်ကြိုးပမ်းမှုများကိုအရင်းခံ၍ ကမ္ဘာပေါ်တွင် ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ညာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့သည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ သဒ္ဓမ္မဇောတိကသိမ်တော်မြတ် ရေစက်သွန်းချလှူဒါန်းခြင်းနှင့် ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကြီးများကို ဝှံချီးဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။

မကောင်းမင့်အိမ်၊ ကောင်းမင့်အိမ်တည့်
မင့်အိမ်ရွှဲစို၊ အမိုးယိုသော်
မငြိုသင့်ပါ၊ မင်းတက်ဖာပေါ့
အကာအခင်း၊ ပျက်ပြိုယွင်းသော်
မငြင်းစေချင်၊ မင်းဆက်ပြင်ပေါ့
အခွင်အနဲ့၊ အရွဲ့အစောင်း
မကောင်းမပြေ၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ၊ ညာဏ်ဖြင့်ဆ၍
လုံ့လသက်သွင်း သစ်စေမင်း။

အမျိုးသားစာဆို ဆရာကြီးဇော်ဂျီ၏ "မင့်အိမ်"ကဗျာမှ ညွှန်းဆိုသည့်ပမာ မိမိတို့အိမ်ကို မိမိတို့ကိုယ်တိုင်ပင် အခြေနှင့်မျှ ညာဏ်ဖြင့်ဆ၍ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ဆောင်ပြိုင်သာမော သူ့အိမ်ချောမှ စကြောသပ်ရပ် စံပယ်ထပ်နှင့် ပန်းကပ်ပန်းကြွ ထိုအလှကို ငေးမောတွေဝေနေရုံဖြင့် ခရီးရောက်မည်မဟုတ်ပါ။ မိမိတို့သည်လည်း "သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် ငါ့မြေမှာ နီဝါတင့်ရမပေါ့" ဟူသောခံယူချက်ဖြင့် မိမိတို့၏ ပြည်ထောင်စုအိမ်ကြီးကို ညီညာဖြိုးဖြိုးစုပေါင်း တည်ဆောက်ကြရမည်ဖြစ်ပါသည်။

ယနေ့ပြောင်းလဲနေသည့် နိုင်ငံတကာအခြေအနေများအောက်တွင် မိမိတို့နိုင်ငံသည်လည်း စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်စဉ်အတွင်း ထိုအခွင့်အလမ်းများကိုအမိအရဖမ်းဆုပ်နိုင်ရန် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရှင်သန်ရေးနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်နေ့အား မြန်မာ့သမိုင်းစဉ်မှတ်တမ်းတွင် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့အဖြစ် ထပ်မံပေါင်းစပ်ရပေမည်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေများနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အသီးသီးက ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတသုံးဦးအနက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၄၂၉ မဲဖြင့် နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောက ၁၂၆ မဲဖြင့် ဒုတိယသမ္မတအဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေးက ၂၉ မဲဖြင့် ဒုတိယသမ္မတအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့တစ်နေ့ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အကြီးအကဲသည် မဲအရေအတွက်ပြတ်သားစွာဖြင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ထောင်စုလွှတ်တော်မှ တစ်ဆင့် တစ်ခဲနက်ရွေးချယ်တင်မြှောက်မှုနှင့်အတူ (တစ်နည်းအားဖြင့် ပြည်သူတို့မှ တင်မြှောက်မှုနှင့်အတူ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်မည့်ဖြစ်တည်ရာနေ့အစလည်း ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် လေပြင်းမုန်တိုင်းများကင်းစင်ချိန်တွင် ပေါ်ထွက်လာသည့် သက်တံကြီးပမာ၊ တိမ်မည်းညိုများအကြားမှ ဝင်းပပေါ်ထွက်လာသည့် လမင်းကြီးပမာ အရောင်အသွေးစုံလင်မျှတ၍ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ဆီသို့ လှမ်းချီရမည့်အချိန်အခါကောင်းပင်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရအဖွဲ့သစ်နှင့်အတူ မြန်မာနိုင်ငံ၏ အရုဏ်ဦးနံနက်ခင်းသစ်တစ်ခု၊ မျက်နှာစာသစ်တစ်ခုသည် မလွဲဧကန်ဆိုက်ရောက်လာတော့မည်ဖြစ်ပါသည်။ ထိုမျက်နှာစာသစ်ကို လှပစွာ ပုံဖော်ထုဆစ်နိုင်ရေး ရွှေနိုင်ငံသစ်အုတ်မြစ်များကို ခိုင်မာမြဲမြံစွာ အကောင်အထည်ဖော်တည်ဆောက်နိုင်ခဲ့ပြီလည်းဖြစ်ပါသည်။ မြန်မာ့အရုဏ်ဦးနေ့သစ်ရောင်နီများ ဖြာဝေယှက်သန်းလျက်ရှိသည့် ယခုကဲ့သို့ မင်္ဂလာရှိသောအချိန်အခါသမယတွင် မြန်မာနိုင်ငံသားအားလုံးစည်းလုံးမှု၊ ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ လွတ်လပ်မှုစသည့်ကောင်းကျိုးတရားများ ရရှိခံစားနိုင်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# အမည်မည်းစာရင်းကြေညာခြင်း

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့် အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၃၀) ရက်အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၆၀) ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန် ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (FEML) အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန် ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟုလည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ (၁-၁-၂၀၂၁) ရက်နေ့မှ (၃၁-၃-၂၀၂၅) ရက်နေ့အထိ ကာလအတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များပူးပေါင်း၍ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၆-၃-၂၀၂၆) ရက်နေ့စိစစ်ချက်အရ (၁-၁-၂၀၂၁) ရက်နေ့မှ (၃၁-၃-၂၀၂၅) ရက်နေ့အထိ ကာလအတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ပူးတွဲပါ ကုမ္ပဏီ (၂၈၇) ခုသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာခြင်းမရှိသဖြင့် ကုမ္ပဏီနှင့်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၃-၄-၂၀၂၆)

## ၁-၁-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ (၂၈၇) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| ၁ | ACCESS COMMUNICATION AND ECO STATE (MYANMAR) CO., LTD | U Kyaw Soe Min | 12/MAYAKA(N)002321 | 40TH STREET (LOWER BLOCK), NO. 150, NO.9 QUARTER, KYAUKTADA TOWNSHIP, YANGON REGION |
| | | U Shwe Ba | 12/LAMATA(N)008415 | |
| | | Mr. Wong Heng Fatt | A52238489 | |
| ၂ | ADP INTERNATIONAL TRADING CO., LTD | Mr. Jiang Bin | EB3548271 | NO (22/24), 52 STREET, ROOM (701/C), BOTAHTAUNG TOWNSHIP, YANGON REGION |
| | | U Myo Ko | 12/THAKHANA(N) 151987 | |
| ၃ | ALLIANCE ONE MYANMAR COMPANY LIMITED. | Mr. Leandro Bitencourt Da Silveira | YE415874 | CORNER OF MAHABANDOOLA ROAD AND THEIN PHYU ROAD, UNIT 08-03, UNION FINANCIAL CENTRE (UFC), BOTAHTAUNG TOWNSHIP, YANGON REGION |
| | | Mr. Someswara Rao Musti | Z5222345 | |
| | | Ms. Kee Moei Choo (Sandy) | K4553692E | |
| | | Ms. Law Hoi Yan | K0028781P | |
| | | U Aung Moe Kyaw | 12/MAYAKA(N)106397 | |
| ၄ | Alpha Nine Co., Ltd | U Tin Aung | 12/THAKHANA(N)123828 | NO(14/A), ARIYA MA GIN STREET, 14 QUARTER, YANKIN TOWNSHIP, YANGON REGION |
| ၅ | AMIN CO., LTD | Daw Hla Hla Aye | 12/DAGATA(N)156015 | MYANMA GON YI STREET, NO. 143, 1ST FLOOR, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION |
| | | U Kyaw Win | 12/DAGATA(N)157275 | |
| ၆ | ANGEL SWEET & SMILE TRADING COMPANY LIMITED. (ယခင်ကုမ္ပဏီအမည်) @ KAUNG SATT PAING TRADING COMPANY LIMITED (ယခုကုမ္ပဏီအမည်) | U Kyaw Swar Thein | 12/OUKATA(N)001006 | KYAIKKASAN ROAD, NO. 130, TAMWE TOWNSHIP, YANGON REGION |
| | | U Zin Thu Aung | 12/YAKANA(N)068136 | |
| | | U Ba Than | 3/PHAPANA(N)013424 | |
| ၇ | Anona Aesthetic International Co., Ltd | Daw Thandar Win | 12/LAMATA(N)022442 | GANDAMAR STREET, NO. 57, 5 FLOOR A, SANCHAUNG TOWNSHIP, YANGON REGION |
| ၈ | ARY INTERNATIONAL TRADING COMPANY LIMITED | U A.R.Y Nanabawa | 12/PABATA(N)006171 | KONZAYDAN ROAD, NO. 126/130, PABEDAN TOWNSHIP, YANGON |
| | | Daw Hawa Bi Bi | 12/PABATA(N)007899 | |
| | | U Maung Mehmood | 12/PABATA(N)002580 | |
| | | Daw Zun Zar Win Maung | 12/PABATA(N)034756 | |
| ၉ | ASIA SHINE WAY ALUMINIUM COMPANY LIMITED. | Daw Shwe Yee Win | 12/DAGAHSA(N)016370 | GANDAWUN STREET, NO. 43, HLAING THAR YAR INDUSTRIAL ZONE (5), WARD (17), HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Ye Wai | 12/DAGAHSA(N)016735 | |
| ၁၀ | ASIA WHALE TRAVELS & TOURS COMPANY LIMITED. | Daw May Than Htaik | 14/MAAHPA(N)146950 | NO (40), GROUND FLOOR, 7TH STREET, LANMADAW, YANGON REGION |
| | | U Maung Maung Lay @ U Maung Hla | 6/MAAHYA(N)087195 | |
| | | U Zaw Win Ko | 6/MAAHYA(N)084272 | |
| ၁၁ | ASPIRE TRADING COMPANY LIMITED. | U Thi Ha Kyaw | 13/NAKHANA(N)046116 | SEIKKANTHA STREET, 3A MERCHANT ROAD, NO (512), THAYAPI CONDO, PANSODAN, YANGON REGION |
| ၁၂ | AUNG AUNG HEIN ZAY YAR 7 COMPANY LIMITED. | U Chan Myae Aung | 5/KHAOUNA(N)112977 | YWAR WIN LAN MA GYI STREET, NO(SA/316), SHAN KAN (NORTH) VILLAGE, SINTGAING TOWNSHIP, MANDALAY REGION |
| ၁၃ | Aung Kaung Han Co., Ltd | Daw Khaing Nway Zin | 13/NAMATA(N)052897 | NO. E, NAMTU BUILDING MINE YU 105 MILE, PYI HTAUNG SU STREET, MUSE TOWNSHIP, SHAN STATE |
| ၁၄ | AUNG MAHAR KYAW COMPANY LIMITED | U Yan Min | 8/HTALANA(N)055968 | SHWE NANDAW STREET, NO(1401), OAKTHAR MYOTHIT (8)TH WARD, BAGO REGION |
| ၁၅ | AUNG MAHAR TUN EXPORT & IMPORT COMPANY LIMITED | Daw Khin Yi | 10/MALAMA(N)012253 | SHWE TASOKE STREET, NO.5, MYAWADDY TOWNSHIP, KAYIN STATE |
| ၁၆ | AUNG NAY LIN HTUN CO., LTD | U Aung Ko Latt | 12/TAMANA(N)002893 | NO. 455, YADANA ROAD, 12 QUARTER, SOUTH OAKKALAPA TOWNSHIP, YANGON REGION |
| | | Daw Lay Lay Myint | 12/TAMANA(N)002894 | |
| | | U Ngwe Tun | 12/OUKATA(N)000677 | |
| ၁၇ | AUNG SIT MIN & BROTHERS TRADING COMPANY LIMITED. | Daw Jar Bawk | 13/MAHSATA(N)049307 | LANE(1), SWAMSAW WARD, MUSE TOWNSHIP, SHAN STATE |
| ၁၈ | AUNG TOE KHAING COMPANY LIMITED. | Daw May Thinzar Soe | 12/MAGATA(N)094394 | NO(12), MYA YADANAR STREET, HLAING THAR YAR INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON Region |
| | | U Thura Zaw | 9/PAMANA(N)199229 | |
| ၁၉ | Ayeyar Three Co.,Ltd | U Win Min Htwe | 14/THAPANA(N)133437 | NO(3) QUARTER, THARBAUNG TOWNSHIP, AYEYARWADDY REGION |
| ၂၀ | B B HEIN COMPANY LIMITED. | Daw Phyo Thandar Aye | 14/MAMANA(N)202786 | SOUTH DAGON INDUSTRIAL ZONE (2), PYIDAUNGSU STREET, ROOM (001/101), BLOCK B, MYANMAR AHLA HOUSING, (64) WARD, SOUTH DAGON TOWNSHIP, YANGON REGION |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှအဆက်

| | | | | |
|---|---|---|---|---|
| ၂၁ | BANSAL OVERSEAS LIMITED. | Mr. Virender Kumar | K3360555 | PLOT NO 45/46, MYAY TIAING BLOCK, INDUSTRAIL ZONE 3, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | Mr. Vineet Kumar Jain | N8717990 | |
| ၂၂ | BEST AUNG MYIN THU COMPANY LIMITED. | U Nanda Lwin | 12/TAMANA(N)102159 | BOTAHTAUNG PAGODA ROAD (MIDDLE BLOCK), NO 183, FIRST FLOOR, BOTAHTAUNG TOWNSHIP, YANGON REGION |
| ၂၃ | BEST MOST FIRST SARL CO., LTD. | Mr. HE, Jianhui | EB5997000 | AUNG UNIVERSAL ROAD, NO. 170, MYAUNGTAGAR INDUSTRY ZONE, HMAW BI TOWNSHIP, YANGON REGION |
| | | Mr. Wang Xuhong | EE2737061 | |
| | | Daw Zi Malay | 13/LAYANA(N)138794 | |
| ၂၄ | BHONE & ZWE COMPANY LIMITED | U Myo Min San | 7/PAMANA(N)140759 | MINE YU (105) VILLAGE GROUP, MINE YU VILLAGE, MUSE TOWNSHIP, SHAN STATE |
| ၂၅ | BHONE KABAR KYAW CO., LTD | U Myint Zaw | 5/MAYANA(N)152246 | MYO SHAUNG ROAD, NO. 859, THEETHANT 1, YARTKWET GYI 5, OAKTHAR MYOTHIT, BAGO TOWNSHIP, BAGO REGION |
| ၂၆ | Billion Force Trading Co., Ltd | Daw Htet Htet Aung | 9/MAYAMA(N)086105 | ZALUN STREET, NO.6, ROOM NO.(4/A), LINLUN(NORTH) QUARTER, SANCHAUNG TOWNSHIP, YANGON REGION |
| | | Daw Khin Win Maw | 12/KATATA(N)018073 | |
| | | Daw Thandar Shwe | 13/KATANA(N)003875 | |
| | | Daw Tin Ma Ma Soe | 12/LAMANA(N)089935 | |
| ၂၇ | CENTRAL LUCK TRADING CO., LTD. | Daw Nan Khin Myo Swe | 13/NAKHANA(N)050605 | CORNER OF SAYASAN ROAD & KABARAYE PAGODA ROAD, ROOM NO. 02, 21 TOP FLOOR, BLOCK NO. E, PEARL CONDOMINIUM, BAHAN TOWNSHIP, YANGON REGION |
| | | U Nyan Thyl Aung | 12/SAKHANA(N)062444 | |
| ၂၈ | CENTURYPLY MYANMAR PRIVATE LIMITED. | Mr. Gaurav Satnaliwala | Z4913321 | PADAUK YEIK NYEIN ROAD, 1/13(4TH) FLOOR, MAYANGONE, YANGON REGION |
| | | Mr. Daniel Pascal Runser | X7174183 | |
| ၂၉ | CHENGFANG COMPANY LIMITED. | Daw Aye Aye War | 12/TATANA(N)237615 | AIR PORT YEIK THAR (1ST) STREET, NO. (16/E), SAW BWAR GYI GONE QUARTER, INSEIN TOWNSHIP, YANGON REGION |
| | | Daw Htike Htike San | 12/TATANA(N)253248 | |
| ၃၀ | CHERUBIM COMPANY LIMITED. | U Zayar Min | 7/YATAYA(N)096383 | ZAYAR KHAYMAR ROAD, 349 B, MAYANGONE TOWNSHIP, YANGON REGION |
| ၃၁ | CHINA INTERNATIONAL FORESTRY GROUP CORP LTD | U Chit Ko Ko | 7/WAMANA(N)144672 | ROOM. 2, BUILDING. E. 21ST FLOOR, PEARL CONDO, BAHAN TOWNSHIP, YANGON REGION |
| ၃၂ | COCOGUY INTERNATIONAL COMPANY LIMITED. | Mr. Ho Kwong Kee | K02006540 | MINGALAR STREET, No. 707, 12 WARDS, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| | | Mr. Ho Cheuk Yan | KJ0133200 | |
| | | Mr. Ho Ka Wing | KJ0275900 | |
| ၃၃ | COTECK (MYANMAR) INDUSTRY COMPANY LIMITED. | Mr. Tu, Yu-Ta | 352660593 | DAGON MYOTHIT (EAST) CITY OF INDUSTRY, PLOT-152, BLOCK-113, DAGON MYOTHIT (EAST)TSP, YANGON REGION |
| | | Mr. Cheng, Han-Chin | 309098766 | |
| | | Ms. Tu, Chung-Jung | 308934349 | |
| ၃၄ | D C D E COMPANY LIMITED. | U Zaw Min | 13/MAMATA(N)052314 | (HSA/226), AUNG MINGALAR STREET, REGION (17), WARD (7), LASHIO TOWNSHIP, SHAN STATE |
| ၃၅ | D.I.LOTUS MYANMAR LIMITED. | Mr. Lim Sin Nin | K0072949R | KYUN TAW ROAD, CRYSTAL TOWER, #06-04, JUNCTION SQUARE COMPOUND, KAMAYUT TOWNSHIP, YANGON REGION |
| | | Ms. Tee Su Sim | E4919586K | |
| ၃၆ | DA QIAN WOODS PRODUCTION COMPANY LIMITED | U Yan Naing | 13/TAYANA(N)057846 | NO. 19/B, O.S.S, TU MYAUNG YWAR MA, TU MYAUNG VILLAGE GROUP, YE TOWNSHIP, MON STATE |
| | | Mr. ZHENG YONGQIANG | E24470787 | |
| ၃၇ | DECEMBER MOE COMPANY LIMITED | Daw Win Pa Pa Kyaw | 1/MANYANA(N)155514 | SAL MYAUNG KYAUNG STREET, OAK THAR MYOTHIT WARD, BAGO TOWNSHIP, BAGO REGION |
| | | U Aung Kyaw Moe | 9/MAHTALA(N)221936 | |
| ၃၈ | DEV NULL TRADING CO., LTD. | U San Bo | 5/MAMANA(N)020822 | KAYIN SU, NO 5 WARD, MYAWADDY, KAYIN STATE |
| ၃၉ | Dezun Trade Co., Ltd | U Kyaw Swe Win | 9/MAHAMA(N)022617 | CORNER OF 78 STREET & 134 STREET, NO. (G-4/A), INDUSTRY ZONE (1), PYI GYI TAGON TOWNSHIP, MANDALAY REGION |
| | | Mr. Yang Boxiang | EJ1888417 | |
| | | U Nay Lin Htike | 10/MADANA(N)161885 | |
| ၄၀ | DRAGON KIND INTERNATIONAL TRADING COMPANY LIMITED. | Daw Chin Zar Chi Kyaw | 13/KALANA(N)094371 | THANT SIN STREET, 21A, AUNG THU KHA WARD, THANLYIN TOWNSHIP, YANGON REGION |
| ၄၁ | DUMDE GROUP CO., LTD. | Daw Van Lal Ro Puii | 5/KALAHTA(N)247936 | NO. 593-594, CORNER OF BAYINT NAUNG STREET AND MITTAR ST, WARD 14, EAST DAGON TOWNSHIP, YANGON REGION |
| | | U Hma Ngaih Zam Vel | 5/KALAHTA(N)170711 | |
| | | U Lal Ram Buat Saih | 5/KALAHTA(N)156532 | |
| ၄၂ | DURGA COMPANY LIMITED | Daw Ohn Mar Cho | 8/SAPAWA(N)000892 | AYE YEIK MON (9) TH STREET, ROOM NO. (001), BUILDING. (2), (5) WARD, HLAING TOWNSHIP, YANGON REGION |
| | | U Aung Kyi Tun | 9/WATANA(N)189985 | |
| ၄၃ | Edenburma Gateway Associates Co., Ltd | Daw Anjana @ Sanda | 12/TAMANA(PYU)000794 | NO. 174, 40 TH STREET, MIDDLE BLOCK, (9) QUARTER, KYAUKTADA TOWNSHIP, YANGON REGION |
| | | Daw Nadi Wint | 12/MAYAKA(N)174644 | |
| | | U Thaw Zin Soe | 12/LAMANA(N)157343 | |
| | | Daw Thiri | 12/TAMANA(PYU)000330 | |
| ၄၄ | EI SWE TUN EXPORT & IMPORT COMPANY LIMITED | Daw Khaing Zin Oo | 3/MAWATA(N)022875 | NO.(5), SHWETASOKE STREET, NO.(DAYAYMOKT/14), MYAWADDY TOWNSHIP, KAYIN STATE |
| | | Daw Khin Swe Lin | 3/MAWATA(N)026830 | |
| | | U Aung Naing | 10/MALAMA(N)022899 | |
| | | U Khun Shwe Min | 3/MAWATA(N)031911 | |
| ၄၅ | EI THIRI KYAW COMPANY LIMITED | Daw Ei Thiri Kyaw | 9/MAHAMA(N)030134 | NO.(KHA THA/57), KHUN THAR QUARTER, BAMAW TOWNSHIP, KACHIN STATE |
| | | U Thant Zin Phyp | 1/BAMANA(N)082375 | |
| ၄၆ | EURASIAN INVESTMENT AGENCY RM LTD | Mr. ALEKSANDR ABRAMOV | 76 9917006 | NO. 824, NILAR STREET, NORTH DAGON TOWNSHIP, YANGON REGION |
| | | Mr. ALEKSANDR GUZOV | 76 5972066 | |
| | | Daw May Pwint Oo | 12/MAGADA(N)158072 | |
| ၄၇ | EVERWELL COMPANY LTD. | Daw Thwe Thwe | 14/KALANA(N)119657 | MIGATHI STREET, NO. 287-A, 12TH QUARTER, YANGON REGION |
| | | Mr. Kim Hyuk | M012H2115 | |
| ၄၈ | FIRST FORTUNE INTERNATIONAL COMPANY LIMITED. | U Min Zaya | 12/OUKATA(N)149991 | BUILDING NO. (2), No.(R-501), ZIZAWAH HOUSING, 15 QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၄၉ | FRONT GLOBAL CO., LTD | U Nirmal Kumar | 7/PHAMANA(N)100375 | KYAUKSEIN YADANAR(6) ROAD, BUILDING NO. (1), Room No. 2, THANLYIN YADANAR HOUSING COMPLEX, THANLYIN TOWNSHIP, YANGON REGION |
| ၅၀ | FULLTEX COMPANY LIMITED. | Daw Tin Oo Hlaing | 7/PATATA(N)053427 | HPA-AN-HLAING BWE ROAD, PLOT NO (4,5,27,40), BLOCK NO (1098/KA), HPA-AN INDUSTRIAL ZONE(1), HPA-AN TOWNSHIP, KAYIN STATE |
| | | Mr. Lam Lap Tin | HJ2092685 | |
| | | Mr. Shiu Chi Fai | KO4543278 | |
| | | Mrs. Yick Lai Sing Annie | KO3215056 | |

*(ဆက်လက်ဖော်ပြပါမည်)*

# Senior General Min Aung Hlaing elected as President, and U Nyo Saw and Daw Nan Ni Ni Aye, Vice Presidents

**Nay Pyi Taw April 3**

The third Pyidaungsu Hluttaw held a presidential election at its meeting hall, the Hluttaw Building, Nay Pyi Taw at 10 am today.

Speaker of Pyidaungsu Hluttaw U Aung Lin Dway declared the all-MP inclusive presidential election meeting to be in quorum and called the session to order as of the 586 members of the parliament eligible to attend the meeting, 584 or over half the number of total eligible MPs were present.

The Pyidaungsu Hluttaw Speaker announced the election agenda to the Pyidaungsu Hluttaw.

He sought the parliament's approval on the attendance list and put it on record.



The presidential election in progress.

The speaker explained the election process, saying that the presidential election body with the participation of all MPs would elect one of the three vice presidents, who were presidential candidates, as the president with ballot form 10 through secret voting as per the Constitution; that in accord with the rules on the election of the president and vice presidents, the voting process would be held in the presence of the Pyidaungsu Hluttaw representatives, who were members of presidential election body including he. The speaker then explained the voting method and the ballot papers that would be designated invalid, according to the presidential election law and rules.

The deputy director general and officials of the Pyidaungsu Hluttaw Office counted the ballot papers, to be used in the presidential election, in the presence of members of the presidential election body as per the rules to elect the president and vice presidents.

The Pyidaungsu Hluttaw Speaker, the Pyithu Hluttaw Speaker, the Deputy Speaker of Pyidaungsu Hluttaw and the Deputy Speaker of Pyithu Hluttaw and members of the body, individually signed for the issuance of the ballot paper by staff of the Pyidaungsu Hluttaw Office, and cast the ballot by secrete vote at the designated place.

In accord with the sub-article (k) of the Rule 43 on election of the president and vice presidents, officials of the Pyidaungsu Hluttaw Office took out the votes from the ballot boxes and counted them in the presence of the members of the body to ascertain that whether or not the number of ballots issued and the number of ballots cast match.

The number of the ballots issued was 584 and the number of ballots cast was also 584, so the two matched. In this regard, the parliament announced that the voting process is duly constituted in accord with the sub-clause (e), sub-article (k), article 43 of the rules on the election of the president and vice presidents.

The ballot boxes were opened and ballots cast were checked and counted in the presence of the members of body and members of presidential scrutiny body entered the number of ballots into the candidate list form 15 in order of the number of votes received by each candidate and signed the form.

The Pyidaungsu Hluttaw Speaker announced that Senior General Min Aung Hlaing, the candidate nominated by the elected Pyithu Hluttaw representative group won 429 votes, U Nyo Saw, candidate nominated by Tatmadaw member representative group, 126 votes, and Daw Nan Ni Ni Aye, candidate nominated by the elected Amyotha Hluttaw representative group, 29 votes.

Then the Pyidaungsu Hluttaw Speaker declared the election of Senior General Min Aung Hlaing of the elected Pyithu Hluttaw representative group, who won the highest number of votes, as the President, and U Nyo Saw and Daw Nan Ni Ni Aye as Vice Presidents.

The Pyidaungsu Hluttaw Speaker announced the conclusion of the meeting to elect the president and the resumption the third-day session of the Pyidaungsu Hluttaw on 6 April (Monday), 2026 at 10 am. The meeting came to an end. **100**

# Associations and Organisations Issue Special Congratulations on Senior General Min Aung Hlaing's Election as President

**Nay Pyi Taw April 3**

Senior General Min Aung Hlaing, selected as Vice-President by the group of elected Pyithu Hluttaw representatives, was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. Hence, the Myanmar-China Investment and Trade Promotion Association (MCITP), the Federation of Myanmar Licensed Contractors Associations (Federation of MLCA), the Myanmar-India-China International Cooperation & Economic Development Association (MICA), the Myanmar-Korea Friendship Association, the Myanmar-Vietnam Friendship Association , Myanmar -Laos Friendship Association ,the Myanmar-China Buddhist Friendship Exchange Association (MCBFEA), the Inter-Ethnic Unity and Cooperation Organization (IUCO), the Interfaith Frienship Organization, the Myanmar-China Women's Association, the All Myanmar Hindu Central Council, the All Myanmar Tamil Hindu Foundation (HQ),Central Committee of the United Wa State Party, the Heilongjiang Chamber of Commerce in Myanmar, the Myanmar Basketball Federation, the Myanmar Music Association (Central) and Young Men's Buddhist Association (YMBA) issued special congratulatory statement over the election of Senior General Min Aung Hlaing as President.

The issued statements expressed special pride and pleasure that Senior General Min Aung Hlaing was elected as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw. They also conveyed wishes for the President's peace of mind, full health, and well-being, hoping that he may serve the responsibilities of the State in a sound and prosperous manner. Furthermore, the statements included prayers for the Republic of the Union of Myanmar to enjoy peace, stability, and further development and prosperity. **100**

# Britain-led int'l meeting demands "immediate and unconditional reopening" of Hormuz

**London April 3**

A virtual meeting on the Strait of Hormuz hosted by Britain on Thursday called for "the immediate and unconditional reopening of the Strait," signaling increased diplomatic pressure and coordinated sanctions on Iran.

According to a statement issued after the meeting, representatives from over 40 countries, as well as international organisations including the International Maritime Organisation (IMO) and the European Union, attended the meeting convened by British Foreign Secretary Yvette Cooper.

Highlighting the importance of the Strait of Hormuz, the statement described it as "one of the world's most critical maritime corridors" and "a primary route for global energy exports," saying its disruption "has immediate and far-reaching consequences for global supplies, prices and economic stability."

Xinhua

# Press Release

H.E. Mr. Travnikov Andrey Aleksandrovich, Governor of Novosibirsk Oblast of the Russian Federation sends congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

**Dear Mr. Min Aung Hlaing!**

Please, accept my most sincere and cordial congratulations on your successful election as the President of the Republic of the Union of Myanmar.

I deeply appreciate the friendly relations that have developed between our countries. I am convinced that your professional energy and competence will be devoted to the further vigorous development of ties between Novosibirsk Region and the Republic of the Union of Myanmar.

I sincerely wish you, esteemed Mr. Min Aung Hlaing, the excellent health, the fulfillment of your plans and further success in leading the Republic of the Union of Myanmar.

I avail myself of this opportunity to extend my assurances of deep respect and a commitment to fruitful cooperation.

**A.A. Travnikov**

**Republic of the Union of Myanmar**
**Pyidaungsu Hluttaw Office**
**Notification 1/2026**
2nd Waning of Tagu 1387 ME
3 April 2026

**Election of Union President**

It is hereby announced that Senior General Min Aung Hlaing, who was nominated as Vice-President by the Pyithu Hluttaw representatives, the presidential electoral college, comprising all the Pyidaungsu Hluttaw representatives, was elected as President under Rule 51 of the Election of President and Vice-Presidents of the Union at the presidential election held on 3 April 2026.

**Sd./ Aung Lin Dway**
**Speaker**

**Republic of the Union of Myanmar**
**Pyidaungsu Hluttaw Office**
**Notification 2/2026**
2nd Waning of Tagu 1387 ME
3 April 2026

**Election of Union Vice - President**

It is hereby announced that, under Rule 51 of the Election of President and Vice-Presidents of the Union, the presidential electoral college, comprising all the Pyidaungsu Hluttaw representatives, selected the following individuals as Vice-Presidents of the Union based on the number of votes they received at the presidential election held on 3 April 2026.

| Name | Constituency | Group |
|---|---|---|
| U Nyo Saw | Yangon Region, Cocokyun Constituency | Defence Services Personnel Hluttaw representatives |
| Daw Nan Ni Ni Aye | Kayin State Hluttaw (PR System) Constituency 1 | Amyotha Hluttaw representatives |

**Sd./ Aung Lin Dway**
**Speaker**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Press Release

H.E.Mr. Vladimir Putin, President of the Russian Federation sends congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

Excellency,

Please, accept my sincere congratulations on Your election to the post of the President of the Republic of the Union of Myanmar.

The Russia-Myanmar relations are genuinely friendly in nature, which had been reaffirmed by our meetings in Moscow last year. I am confident that Your Presidency will further facilitate the advancement of constructive bilateral cooperation for the benefit of the peoples of our countries, and in the interests of strengthening stability and security in the Asia-Pacific Region.

Availing of the opportunity, I would like to extend my heartfelt greetings to You and all citizens of Myanmar with the forthcoming traditional Myanmar New Year-Thingyan.

I wish You success, good health and well-being.

Respectfully Yours,
V.Putin

## Press Release

H.E.Mr. Xi Jinping, President of the People's Republic of China sends congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

Distinguished Mr. President,

Delighted to learn that you have been elected as President of the Republic of the Union of Myanmar, I wish to extend to you my sincere congratulations on behalf of the Chinese government and people.

China and Myanmar are friendly neighbors connected by shared mountains and rivers, and our two peoples enjoy a time-honored Pauk-Phaw friendship. The two sides, guided by the spirit of the jointly-upheld Five Principles of Peaceful Coexistence, have maintained amicable relations, and firmly supported each other in times of need and on issues concerning respective core interests and major concerns, fully demonstrating the profound connotation of a China-Myanmar Community with a Shared Future characterized by sharing weal and woe. We met twice last year and reached important consensus on advancing the building of a China-Myanmar Community with a Shared Future, which is currently under active implementation by relevant departments and localities on both sides. This year marks the beginning of China's 15th Five-Year Plan, as Myanmar embarks on a new stage of political transition and national development. I attach great importance to the development of bilateral relations, and stand ready to work with you to enhance strategic exchanges, deepen political mutual trust, and take the lead in advancing more in-depth and substantive progress in the building of a China-Myanmar Community with a Shared Future, so as to bring greater benefits to our two peoples and make more contributions to regional peace and development.

I wish Myanmar prosperity and its people happiness and good health.

I wish you great success in your noble position.

Xi Jinping
President of the People's Republic of China

## Press Release

H.E.Mr.Han Zheng, Vice President of the People's Republic of China sends congratulatory message to H.E. U Nyo Saw on his election as Vice President of the Republic of the Union of Myanmar.

H.E.Mr.Han Zheng, Vice President of the People's Republic of China sends congratulatory message to H.E. Daw Nan Ni Ni Aye on her election as Vice President of the Republic of the Union of Myanmar.

## Press Release

H.E.Mr.Aleksandr Lukashenko, President of the Republic of Belarus sends congratulatory message to H.E.Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

Your Excellency,

On behalf of my compatriots and personally, I sincerely congratulate You on the election as President of the Republic of the Union of Myanmar.

I am confident that Your rich experience as a statesman, professional and personal qualities will enable You to lead Myanmar successfully and ensure the country's stability and socio-economic development.

I am pleased to note the active dynamics of Belarusian-Myanmar relations observed throughout the past year. The visits at the highest and senior levels, contacts at international fora, bilateral events, and documents signed opened up new prospects for expanding the mutually beneficial cooperation in political, trade and economic, humanitarian, and other fields.

I confirm Belarus' commitment to implementing all the agreements we have reached in order to further strengthen the ties with Myanmar.

I look forward to new meetings to discuss the priority issues on the agenda. Taking the opportunity, I wish Your Excellency good health and success in Your responsible activities for the benefit of the Republic of the Union of Myanmar and its citizens.

Please accept the assurances of my highest consideration.

Aleksandr Lukashenko

**Special Congratulations**

We are deeply honoured and delighted that Senior General Min Aung Hlaing was elected as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We respectfully offer our best wishes that Senior General Min Aung Hlaing, who has been elected as President, may be blessed with peace of mind and good health, and may carry out the responsibilities of the State in sound physical and mental well-being.

We also express our sincere wish that the Republic of the Union of Myanmar may enjoy peace, stability, prosperity, and continued development.

**Myanmar-China Investment and Trade Promotion Association (MCITP)**

**Special Congratulations**

We express our great pride and delight that Senior General Min Aung Hlaing has been unanimously elected by the Pyidaungsu Hluttaw as the President of the Republic of the Union of Myanmar, and we offer our best wishes that he may carry out the duties of the State in good physical and mental health.

We also sincerely wish that our motherland, the Republic of the Union of Myanmar, may enjoy peace, stability, prosperity, and modern development.

**Federation of Myanmar Licensed Contractors Associations (Federation of MLCA)**

**Special congratulations sent by MICA**

We warmly congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw by a landslide and express wishes with courtesies for him to serve the responsibilities of the State in physical and mental well-being.

**Myanmar-India-China International Cooperation and Economic Development Association (MICA)**

**Message of Congratulations**

The Myanmar-Korea Friendship Association honored and delighted that the Union Parliament has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Myanmar-Korea Friendship Association**

**Message of Congratulations**

The Myanmar-Vietnam Friendship Association is deeply honored and proud of Senior General Min Aung Hlaing for being elected as the President of the State at the meeting of the Presidential Electoral College of the third Pyidaungsu Hluttaw, held on April 3, 2026. Being entrusted with the duty of President clearly demonstrates your exceptional leadership and ability to continue serving the interests of the State, the people, and the Tatmadaw, as well as the national interests of the country, with all your physical and intellectual strength. We extend our best wishes for your physical and mental well-being and for your continued success in carrying out the duties of the State with ever-increasing momentum.

**Myanmar-Vietnam Friendship Association**

**Heartiest Congratulations**

We extend the highest congratulations to Senior General Min Aung Hlaing on his election as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and wish good health in both mind and body to carry out the duties of the State.

**Myanmar-Laos Friendship Association**

**Special congratulations sent by MCBFEA**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and express wishes with courtesies for him to serve the responsibilities of the State in physical and mental well-being.

**Myanmar-China Buddhist Friendship Exchange Association (MCBFEA)**

**Congratulations sent by IUCO**

We congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and express wishes with courtesies for him to serve the responsibilities of the State in physical and mental well-being.

**Inter-Ethnic Unity and Cooperation Organization (IUCO)**

**Special Congratulations**

We express our pride and delight that Senior General Min Aung Hlaing has been elected by the Pyidaungsu Hluttaw as the President of the Republic of the Union of Myanmar, and we respectfully offer our best wishes that he may serve the duties of the State in good health and well-being, both physically and mentally.

**Interfaith Friendship Organization**

**Special congratulations**

We are deeply proud and honoured to Senior General Min Aung Hlaing on his appointment as President of the Republic of the Union of Myanmar by the Union Parliament, and we wish him good health and happiness as he carries out the responsibilities of the nation.

**Myanmar-China Women's Association**

**Special congratulations**

We are greatly proud and honoured to Senior General Min Aung Hlaing on his appointment as President of the Republic of the Union of Myanmar by the Union Parliament, and we wish him good health and happiness in carrying out the responsibilities of the country.

**All Myanmar Hindu Central Council**

**Special congratulations**

We extend our heartfelt congratulations to Senior General Min Aung Hlaing on his appointment as President of the Republic of the Union of Myanmar by the Union Parliament. We are deeply proud and honoured, and we wish him peace of mind, good health, and great success in fulfilling his duties as the nation's President.

**All Myanmar Tamil Hindu Foundation (HQ)**

**Heartfelt Congratulations**

We would like to express our great pride and heartfelt congratulations on the election of Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We also respectfully wish him good health and happiness in both mind and body, and success in fulfilling his responsibilities for the nation.

**Heilongjiang Chamber of Commerce in Myanmar**

**Heartfelt Congratulations**

We extend our deepest pride and congratulations on the election of Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We respectfully offer our best wishes for his good health, both physically and mentally, and hope that he will be able to carry out the duties of the nation with strength and well-being.

**Myanmar Basketball Federation**

**Heartfelt Congratulations**

The Presidential Electoral College of the third Pyidaungsu Hluttaw, held on April 3, 2026, has elected Senior General Min Aung Hlaing—who was previously nominated as Vice President by the group of elected Pyithu Hluttaw representatives—as the President of the Republic of the Union of Myanmar.

In honour of this appointment, we would like to express our great pride and heartfelt congratulations. We also wish for the Republic of the Union of Myanmar to enjoy peace, stability, prosperity, and continued development.

**Myanmar Music Association (Central)**

**Heartiest Congratulations**

We express immense pleasure and pride in Senior General Min Aung Hlaing, our Lifelong Patron, on his election as the President at the meeting of the Presidential Electoral College of the third Pyidaungsu Hluttaw.

**Central Executive Committee**
**Young Men's Buddhist Association (Central)**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

**❑ နိုင်ငံတော်သမ္မတရွေးချယ်မှ**

လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၅၈၆ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၄ ဦးတက်ရောက်ကြသဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲအစီအစဉ်များကို လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူပြီး အတည်ပြုမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးပါဝင်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြသည့် ဒုတိယသမ္မတ သုံးဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲလက်မှတ်ပုံစံ(၁၀)ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ တင်မြှောက်ရွေးချယ်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးပုံပေးနည်းနှင့် ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်တို့ကို လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ၏ရှေ့မှောက်၌ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင်အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းများထံမှ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူကြပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ(ဋ) အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်းရှိ၊ မရှိကို နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များကိုထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၅၈၄ မဲဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၈၄ မဲဖြစ်သည့်အတွက်ကိုက်ညီမှုရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ(ဋ)၊နည်းဥပဒေခွဲငယ်(c)အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ဖွင့်လှစ်ပြီး သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်ပြီး နိုင်ငံတော်သမ္မတလောင်းတစ်ဦးချင်းစီရရှိသော ထောက်ခံဆန္ဒမဲအများ၊အနည်းအလိုက်အမည်စာရင်းပုံစံ(၁၅)တွင် နိုင်ငံတော်သမ္မတစိစစ်ရေးအဖွဲ့ဝင်များက လက်မှတ်ရေးထိုးမှတ်တမ်းတင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက သမ္မတလောင်းတစ်ဦးချင်းရရှိသည့် ထောက်ခံဆန္ဒမဲအများ၊ အနည်းအလိုက် အမည်စာရင်းကိုကြေညာရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဦးညိုစောက ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးက ထောက်ခံမဲ ၂၉ မဲအသီးသီးရရှိကြသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယကက ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကြေညာသည်။

ဆက်လက်၍ ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့ကို ဒုတိယသမ္မတများအဖြစ် ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးပြီးဆုံးကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် တတိယနေ့အစည်းအဝေးကို ဧပြီ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**⚐ ဒုတိယသမ္မတများရွေးချယ်တင်မြှောက်မှုအဆက်**

| | အမည် | မဲဆန္ဒနယ် | ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့်အစုအဖွဲ့ |
|---|---|---|---|
| ၁။ | ဦးညိုစော | ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမဲဆန္ဒနယ် | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ |
| ၂။ | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) | ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ |

(ပုံ) အောင်လင်းဒွေး
နာယက

## ပြည်သူများထံ အသိပေးပန်ကြားချက်

➤ အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့သွားရောက်လိုသူများ Onilne Bookingတင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service)ဖြင့် လျှောက်ထားနိုင်ရေးစီစဉ်ထားပါကြောင်း၊

➤ လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊

➤ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊

➤ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊

➤ အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ် ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## ခွင့်ပြုစာရင်း (Whitelist)ဝင် ဖုန်းများအတွက် IMEI Code တစ်ခုခုသည် Unpaid ဖြစ်နေပါက အခွန်ပေးဆောင်ရန်မလိုအပ်ပါကြောင်းနှင့် Paid ဖြစ်စေရန်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ် အသိပေးကြေညာ

၁။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန်ပေးဆောင်ရန်မလိုဘဲ CEIR စနစ်ရှိ ခွင့်ပြုစာရင်း(Whitelist)တွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထားပြီး မိုဘိုင်းလက်ကိုင်ဖုန်း(Handset) ၏ SIM Slot အားလုံးတွင် SIM Card (MPT ၊ ATOM ၊ U9 ၊ Mytel)များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် အသိပေးကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ 1SIM+eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)နှင့် SIM1,SIM2+eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များရှိ SIM Slot များတွင် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ အနည်းဆုံး SIM Card တစ်ခုထည့်သွင်းအသုံးပြုထားပြီးဖြစ်ပါက ၎င်း Handset များသည် ခွင့်ပြုစာရင်း(Whitelist) တွင် စာရင်းထည့်သွင်းပြီးဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်နောက်ပိုင်းတွင် အဆိုပါခွင့်ပြုစာရင်း(Whitelist)ဝင် Handset များ၏ ကျန် SIM Slot များ၌ Physical SIM Card(သို့မဟုတ်) eSIM ထပ်မံထည့်သွင်းအသုံးပြုပါက IMEI Code သည် Unpaid အဖြစ်ဖော်ပြနေမည်ဖြစ်ပြီး အခွန်ပေးဆောင်ရန် တောင်းဆိုသည့်အချက်အလက်များ ဖော်ပြမည်ဖြစ်သော်လည်း ၎င်း Handset များအတွက် အခွန်ပေးဆောင်ရန် လိုအပ်မည်မဟုတ်ပါ။

၄။ ထိုသို့ ခွင့်ပြုစာရင်း(Whitelist)ဝင်ဖုန်းများတွင် IMEI Code တစ်ခုသည် Paid ဖြစ်နေသော်လည်း အခြား IMEI Code တစ်ခုသည် Unpaid ဖြစ်နေခြင်း(သို့မဟုတ်) eSIM ထည့်သွင်းအသုံးပြုချိန် IMEI Code သည် Unpaid ဖြစ်နေခြင်းတို့အတွက် CEIR စနစ်၏ အင်တာနက်စာမျက်နှာဖြစ်သော https://ceir.gov.mm တွင် Check Status ကိုနှိပ်၍ အဆင့်ဆင့်ဝင်ရောက်ပြီး အဆိုပါ Unpaid ဖြစ်နေသည့် IMEI Code နှင့် လိုအပ်သည့်အချက်အလက်များ ထည့်သွင်းပေးပို့ပါကCEIR စနစ်မှ ယင်း IMEI Code ကို Paid အဖြစ် အလိုအလျောက်သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက CEIR Call Center ၁၅၇၇ နှင့် ၁၇၅၅ သို့လည်းကောင်း၊ တွေ့ဆုံမေးမြန်းလိုပါက CEIR စနစ်ပိုင်းဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့(CEIR One Stop Service-OSS) (အကောက်ခွန်ဦးစီးဌာန အမှတ် ၁၃၂ ကမ်းနားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့) နှင့် (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး - ၅ လမ်း ၆၀၊ ၁၀၁ (A)လမ်းနှင့် ၁၀၂ လမ်းကြား မြို့သစ် (၁) ရပ်ကွက် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့) တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။


ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပ






**နေပြည်တော် ဧပြီ ၃**

အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီး ဦးဇော်ဝင်းထွန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသားမိဘများ၊ဧည့်သည်တော်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီး ဦးဇော်ဝင်းထွန်းက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးက ကုန်သွယ်ရေကြောင်းအရာရှိလောင်းဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း(ရေကြောင်း)ဆုရ ပိုင်ဖြိုး၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ)ဆုရ ရဲသွေးနိုင်၊ စံပြအရာရှိလောင်း(လျှပ်စစ်နည်းပညာ)ဆုရ အရာရှိလောင်း အောင်ကောင်းမြတ်၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်းစာပေထူးချွန်ဆုရ ချမ်းမြေ့ကျော်၊ အင်ဂျင်နီယာအရာရှိလောင်းစာပေထူးချွန်ဆုရ စည်သူနိုင်၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ စိုင်းကောင်းသန့်တို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းနောက်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ထူးချွန်ဆုရ အရာရှိလောင်း ခြောက်ဦးနှင့် ၎င်းတို့၏မိဘများကို တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးက ရေကြောင်းအရာရှိလောင်း ၁၂၄ ဦး၊ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၁၁၇ ဦး၊ ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ၃၇ ဦး စုစုပေါင်း ၂၇၈ ဦးတို့ကို ဒီပလိုမာလက်မှတ်နှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့ထိ ၆၃ နှစ်တာကာလအတွင်း ရေကြောင်းအရာရှိလောင်း ၃၀၆၈ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းနှင့် ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ၃၀၅၉ ဦး စုစုပေါင်းအရာရှိလောင်း ၆၁၂၇ ဦး၊ ရေကြောင်းအရာရှိ ၈၇၄၅၄ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၅၇၂ ဦးနှင့် အခြားအဆင့်သင်တန်းသားပေါင်း ၁၆၄၂၉၉ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကာ ယနေ့ထိ ရေကြောင်းဘက်ဆိုင်ရာကျွမ်းကျင်သူ စုစုပေါင်း ၂၈၇၄၅၂ ဦးတို့ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ သင်တန်းပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် လက်ရှိအချိန်တွင် ရေယာဉ်မှူးကြီး(Captain) အဆင့် ၇၂၁ ဦး၊ ကုန်းပတ်အရာရှိ ချုပ်(Chief Officer)အဆင့် ၇၀၁ ဦး၊ဒုတိယတန်းကုန်းပတ်အရာရှိ(Second Officer)အဆင့် ၆၅၂ ဦး၊ တတိယတန်းကုန်းပတ်အရာရှိ(Third Officer) အဆင့် ၈၅၉ ဦးနှင့် အင်ဂျင်နီ ယာမှူးကြီး (Chief Engineer) အဆင့် ၆၈၅ ဦး၊ ဒုတိယတန်းစက်မှုလက်မှုအရာရှိ ($2^{nd}$ Engineer) အဆင့် ၆၇၂ ဦး၊ တတိယတန်းစက်မှုလက်မှုအရာရှိ ($3^{rd}$ Engineer) အဆင့် ၁၅၃၅ ဦးတို့သည် နိုင်ငံတကာသင်္ဘောများပေါ်တွင် အမြင့်ဆုံးရာထူးဖြင့် တာဝန်များထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**



## ပျော်ရွှင်မဆုံး ဂုဏ်ယူပြုံးဖြင့်...

❖ နိုင်ငံတော် မင်္ဂလာသတင်း
ကြားရခြင်း လွန်ဝမ်းသာ။
ပြည်သူတွေ မျှော်လင့်မှု
အောင်မြင်မှုပါ။
နိုင်ငံတော်သမ္မတ တင်မြှောက်တာ
ပြည်သူမှာ လွန်ဝမ်းသာမိ။
ထိုက်တန်စွာ ရွေးချယ်မှု
ဂုဏ်ပြုပါ၏။

❖ ဒီမိုကရေစီ သည်တစ်ခေတ်
ကျစ်လျစ်လို့ ခိုင်မာစွာ။
နိုင်ငံတော် ရှေ့ခရီး
ကောင်းချီးသာယာ။
ခေါင်းဆောင်ကောင်းနှင့် အောင်ကြောင်းဖြာ
ပြည့်တွက်သာ ဒီမိုကရေစီလမ်း။
ချောမွေ့စွာ ခရီးပေါက်
ရောက်ရမည်မှန်း။

❖ ဒီမိုကရေစီ ခေါင်းဆောင်သစ်
တိုင်းပြည်ချစ် ပေါ်လာပြီ။
များပြည်သူ စိတ်ဆန္ဒ
ပြည့်ဝစုံညီ။
နိုင်ငံတော်သမ္မတ
ရွေးချယ်ကြ ပြည့်ဂုဏ်ရည်
ယုံကြည်စွာ တင်မြှောက်ပေး။
အားလုံးပျော်ရွှင် မျှော်လင့်ချက်နှင့်
အောင်ပွဲဆက် အောင်မင်္ဂလာ
ကြိုဆိုကာ ဂုဏ်ယူမဆုံးတာမို့
ပြုံးပျော်တယ်လေး။ ။

မန္တလာကိုကိုဝင်း

## ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်

နေပြည်တော် ဧပြီ ၃

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)၊ မြန်မာနိုင်ငံ လိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ် (Federation of MLCA)၊ မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)၊ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း၊ မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း၊ မြန်မာ-တရုတ်ဗုဒ္ဓဘာသာချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့(MCBFEA)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(IUCO)၊ ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့၊ မြန်မာ-တရုတ် အမျိုးသမီးများအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီဗဟိုကော်မတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပဲလုံးကျန်းကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်းသိရှိရသည်။ (၅၀၁)

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ်ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့် အညီပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေးအောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင်နားနေပါ၊ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်)တို့ကို အသုံးပြုပါ၊ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ၊ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

( ခ ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင်သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကိုတိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

( ဂ ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ၊ အစားအသောက်ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြု ဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

( င ) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၂ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ည) **စတော့အိပ်ချိန်း** ဆိုသည်မှာ ယင်း၏ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်မှုစနစ်နှင့်နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စနစ်တကျဖွဲ့စည်းတည်ထောင်ထားသော ဈေးကွက်ကို ဆိုသည်။"

( ခ ) ပုဒ်မခွဲ(ဏ)၏ နောက်တွင် (တ)၊(ထ)၊(ဒ)၊(ဓ)နှင့်(န)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) **မှတ်ပုံတင်အကြံပေးကုမ္ပဏီ** ဆိုသည်မှာ စာရင်းဝင်အကြိုဈေးကွက်တွင် ကုမ္ပဏီများ မှတ်ပုံတင်ရန် အကြံပေးအဖြစ် ဆောင်ရွက်ခွင့် ရရှိထားသောကုမ္ပဏီကို ဆိုသည်။

( ထ ) **ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ (Credit Rating Agency)** ဆိုသည်မှာ ငွေချေးစာချုပ်များထုတ်ဝေမည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၏ ကြွေးမြီပေးဆပ်နိုင်မှုအခြေအနေကို အကဲဖြတ်၍ အဆင့်သတ်မှတ်ပေးသည့်ကုမ္ပဏီကို ဆိုသည်။

( ဒ ) **စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Collective Investment Scheme)** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူများ၏ ရန်ပုံငွေများကို စုစည်း၍ အကျိုးအမြတ်ရရှိရန် ရည်ရွယ်ချက်ဖြင့် ကျွမ်းကျင်သည့် ရန်ပုံငွေစီမံခန့်ခွဲသူများက ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားငွေချေးစာချုပ်များကဲ့သို့ ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံပေးသည့် အစီအစဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အကျိုးတူရန်ပုံငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ယုံကြည်အပ်နှံမှုရန်ပုံငွေ သို့မဟုတ် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်သည့် အခြားရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံပေးသည့် အစီအစဉ်လည်း ပါဝင်သည်။

( ဓ ) **စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board)** ဆိုသည်မှာ စတော့အိပ်ချိန်းတွင် စာရင်းဝင်ဆိုင်ရာ စံသတ်မှတ်ချက်များပြည့်မီရန် လိုအပ်ချက်များရှိနေသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၏ ငွေချေးသက်သေခံလက်မှတ်များကို သီးခြားစံသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်ပြီး ရောင်းဝယ်ခွင့်ပြုသည့်ဈေးကွက်ကို ဆိုသည်။

( န ) **ဆင့်ပွားစာချုပ်ဈေးကွက် (Derivatives Market)** ဆိုသည်မှာ ငွေချေး သက်သေခံလက်မှတ်များနှင့် ယင်းတို့၏ ဈေးကွက်အညွှန်းကိန်းများ၊ အတိုးနှုန်းများနှင့် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းများ၏ တန်ဖိုးများအပေါ် အခြေခံ၍ ချုပ်ဆိုထားသော စာချုပ်များကို ထပ်ဆင့်ရောင်းဝယ်သည့်ဈေးကွက်ကို ဆိုသည်။"

( ဂ ) မူလပုဒ်မခွဲ (တ)၊(ထ)နှင့်(ဒ) တို့ကို ပုဒ်မခွဲ (ပ)၊ (ဖ) နှင့် (ဗ) တို့အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၃။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ကော်မရှင်သည်-

( က ) အကျိုးတူရန်ပုံငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ယုံကြည်အပ်နှံမှုရန်ပုံငွေ သို့မဟုတ် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သည့် အခြားရန်ပုံငွေများကို စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သောစံသတ်မှတ်ချက်များကို သတ်မှတ်ပေးရမည်။

( ခ ) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ခွင့်ပြုနိုင်သည်။"

၄။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ဂ ) ဤဥပဒေအရ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလုပ်ကိုင်ရန် ဆောင်ရွက်ခွင့်ပြုထားသော စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်ရန် လိုင်စင်ရရှိထားသည့်ကုမ္ပဏီများကို လိုအပ်သလို ညွှန်ကြားနိုင်သည်။"

( ခ ) ပုဒ်မခွဲ (ဃ)၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( င ) နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားက လူပုဂ္ဂိုလ်တစ်ဦးချင်းစီဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖွဲ့စည်း၍ ဖြစ်စေ ရင်းနှီးမြှုပ်နှံသူများ၏ ငွေချေးသက်သေခံလက်မှတ် အရောင်းအဝယ် ဆောင်ရွက်ခြင်းအား သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်။"

( ဂ ) မူလပုဒ်မခွဲ (င) ကို ပုဒ်မခွဲ(စ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "ကောင်တာဈေးကွက်"ဆိုသည့် စကားရပ်၏ နောက်တွင် "၊ စာရင်းဝင်အကြိုဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ခ ) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( င ) ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့် အေဂျင်စီ၊

( စ ) မှတ်ပုံတင်အကြံပေးကုမ္ပဏီ၊"

(ဂ) မူလပုဒ်မခွဲ(င)နှင့် (စ)တို့ကို ပုဒ်မခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ပြီး ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မခွဲ(ဆ)တွင်ပါရှိသော "ကောင်တာဈေးကွက်" ဆိုသည့် စကားရပ်၏ နောက်တွင် "၊ စာရင်းဝင်အကြိုဈေးကွက်၊ ဆင့်ပွားစာချုပ် ဈေးကွက်၊ ကြွေးမြီပေးဆပ်နိုင်ခြေ အဆင့်သတ်မှတ်သည့်အေဂျင်စီ၊ မှတ်ပုံတင် အကြံပေးကုမ္ပဏီ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၇-က။ ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့် အခြားလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လိုင်စင်လျှောက်ထားနိုင်သည်။"

၇။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (က) တွင် ပါရှိသော "ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ၂၇" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၇-က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၅။ (က) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေလိုသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် -

(၁) ငွေချေးစာချုပ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များပါဝင်သည့် အကြောင်းအရာအကျဉ်းချုပ်ကို ကြွေးမြီပေးဆပ်နိုင်ခြေ အဆင့်သတ်မှတ်သည့်အေဂျင်စီ၏ အဆင့်သတ်မှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

(၂) ငွေချေးစာချုပ်များမှတစ်ပါး ကျန်ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ အလားအလာညွှန်းတမ်းနှင့်ထုတ်ဝေခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များပါဝင်သော အကြောင်းအရာအကျဉ်းချုပ်တို့ကို ကော်မရှင်သို့ တင်ပြရမည်။

(၃) စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်သော ကုမ္ပဏီဖြစ်ပါက ငွေချေးသက်သေခံလက်မှတ်များကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လက်ရှိအစုရှယ်ယာရှင်များသို့ အချိုးကျ ထည့်ဝင်ခွင့်ပေးခြင်း(Rights Issue)ဖြင့် ကမ်းလှမ်းရောင်းချသည့်အခါ ကမ်းလှမ်းရောင်းချမှုဆိုင်ရာစာရွက်စာတမ်း(Offering Letter) အား ကော်မရှင်သို့ ကြိုတင်တင်ပြရမည်။

(၄) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသောအချက်အလက်များ ပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

( ခ ) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) အရ တင်ပြချက်အပေါ် ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ပေးရမည်။"

၉။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) စတော့အိပ်ချိန်းသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ ဖက်စပ် လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီဖြစ်စေ သင်းဖွဲ့စည်းမျဉ်းနှင့် စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့နှင့်အညီ ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည်။"

၁၀။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသည့်ကုမ္ပဏီအား လိုအပ်သည့်စံများ သတ်မှတ်ခြင်း၊"

၁၁။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၈) ခေါင်းစဉ်၊ ပုဒ်မ ၄၄၊ ၄၅ နှင့် ၄၆ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"အခန်း(၈)

**စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်**

၄၄။ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်တစ်ရပ်ရပ် တည်ထောင်လိုသည့်ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားနိုင်သည်။

၄၅။ ကော်မရှင်သည်-

(က) ပုဒ်မ ၄၄ အရ လျှောက်ထားချက်အပေါ် ခွင့်ပြုရန် သင့် မသင့် စံသတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ စိစစ်ပြီးနောက် စံသတ်မှတ်ချက်များနှင့်ကိုက်ညီပါက တည်ထောင်ခွင့်ပြုခြင်း သို့မဟုတ် ကိုက်ညီခြင်းမရှိပါက ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၆။ ကော်မရှင်၏ ခွင့်ပြုချက်အရ တည်ထောင်ခွင့်ပြုထားသည့် ဈေးကွက်များသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။"

၁၂။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၇ နှင့် ၄၈ တို့တွင် ပါရှိသော "ကောင်တာဈေးကွက်"ဆိုသည့် စကားရပ်ကို "စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၂၀ သို့

# အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၃ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့တွင်ပါရှိသော **"လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေတွင်ပါရှိသော **"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း"**ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊**"ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ရမည်။

၄။ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေပုဒ်မ ၁၆ တွင် ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၅ သိန်း"မှ အများဆုံး ကျပ် "၂၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂၅ သိန်း"မှ အများဆုံးကျပ် "သိန်း ၅၀" အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၅။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၁၇ တွင် ပုဒ်မခွဲ (က)နှင့် (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂ သိန်း ၅ သောင်း" မှ အများဆုံးကျပ် "၁၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၁၅ သိန်း"မှ အများဆုံး ကျပ် "၂၅ သိန်း"အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

စာမျက်နှာ ၁၉ မှအဆက်

၁၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ကော်မရှင်၏ ခွင့်ပြုမိန့်မရရှိဘဲ စတော့အိပ်ချိန်း၊ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက် သို့မဟုတ် ဆင့်ပွားစာချုပ်ဈေးကွက်ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ အဆိုပါ စတော့အိပ်ချိန်း၏လုပ်ငန်းများ သို့မဟုတ် ဈေးကွက်တစ်ခုခု၏ လုပ်ငန်းများ သဘောသက်ရောက်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့်ရရှိထားသော စတော့အိပ်ချိန်း၊ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက် သို့မဟုတ် ဆင့်ပွားစာချုပ်ဈေးကွက်၏အမည်ကိုခွင့်ပြုချက်မရရှိဘဲ အသုံးမပြုရ သို့မဟုတ် အဆိုပါ စတော့အိပ်ချိန်း သို့မဟုတ် ဈေးကွက်တစ်ခုခု၏ အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ခြင်း မပြုရ။"

၁၄။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၅၇၊ ၅၉၊ ၆၃ နှင့် ၆၅ တို့တွင် ပါရှိသော "ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ" ဆိုသည့် စကားရပ်ကို "ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်ရရှိထားသည့်ကုမ္ပဏီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၅၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၈။ မည်သည့် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်၏ ဝန်ထမ်း၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း လိုင်စင်ရရှိထားသည့် ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်၊ ယင်းကုမ္ပဏီ၏ဝန်ထမ်းမျှ မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ်ရရှိသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမသက်ဆိုင်သူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာ ခြင်း မပြုရ။"

၁၆။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၄။မည်သည့် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်၏ ဝန်ထမ်း၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း လိုင်စင်ရရှိထားသည့်ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်၊ ယင်းကုမ္ပဏီ၏ ဝန်ထမ်းမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

# အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါ နေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

---

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မော်စကိုမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်၊

အဆွေတော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် သဘာဝအရ ရင်းနှီးပွင့်လင်းသော ဆက်ဆံရေးဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ်က မော်စကိုမြို့တွင် ပြုလုပ်ခဲ့သော မိမိတို့၏တွေ့ဆုံဆွေးနွေးမှုများက ထပ်လောင်းအတည်ပြုပေးခဲ့ပါသည်။ အဆွေတော်၏ သမ္မတသက်တမ်းအတွင်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ အာရှ-ပစိဖိတ်ဒေသ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခိုင်မာစေရန်အတွက်လည်းကောင်း အပြုသဘောဆောင်သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးထံသို့ မကြာမီ ကျရောက်တော့မည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယ သင်္ကြန်ပွဲတော်အတွက် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဗလာဒီမာ ပူတင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မင့်စ်မြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဘယ်လာရုစ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ကြွယ်ဝသောအတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အရည်အသွေးများသည် မြန်မာနိုင်ငံကို အဆွေတော် ဦးဆောင်ရာတွင် နိုင်ငံတည်ငြိမ်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို အောင်မြင်စွာ စွမ်းဆောင်နိုင်မည်ဟု မိမိယုံကြည်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်းက ဘယ်လာရုစ်-မြန်မာ ဆက်ဆံရေး၏ တက်ကြွစွာ သက်ဝင်လှုပ်ရှားနေမှုများကို မိမိအနေဖြင့် ဝမ်းမြောက်စွာ အမှတ်ရမိပါသည်။ နိုင်ငံတော်အဆင့်နှင့် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ ခရီးစဉ်များ၊ နိုင်ငံတကာမျက်နှာစာတွင် ထိတွေ့ဆက်ဆံမှုများ၊ နှစ်နိုင်ငံ အခမ်းအနားများ၊ လက်မှတ်ရေးထိုးခဲ့သော စာချုပ်စာတမ်းများသည် နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များ၌ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရာတွင် အခွင့်အလမ်းသစ်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အကြား သဘောတူညီချက်များကို အကောင်အထည်ဖော်မည့် ဘယ်လာရုစ်နိုင်ငံ၏ ကတိကဝတ်ကို မိမိအနေဖြင့် အတည်ပြုပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား အရေးကြီးကိစ္စရပ်များကို ဆွေးနွေးရန် ထပ်မံတွေ့ဆုံခွင့် မျှော်လင့်လျက်ရှိပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် တာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အလက်ဇန္ဒား လူကာရှန်ကို

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ဘေကျင်း၊ ၃-၄-၂၀၂၆

သို့

အဆွေတော် မစ္စတာ မင်းအောင်လှိုင်

သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

နေပြည်တော်

လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် တရုတ်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ထံသို့ စစ်မှန်သော ဂုဏ်ယူဝမ်းမြောက်စကားများ ပါးအပ်ပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောင်နှင့်ရေချင်းထိစပ်နေသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ကျွန်ုပ်တို့၏ ပြည်သူနှစ်ရပ်သည် ရှေးယခင်ကတည်းက တည်ရှိခဲ့သော "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ခံစားကြရပါသည်။ နှစ်ဖက်စလုံးသည် အတူတကွ လက်ကိုင်ထားသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး (၅) ချက်၏ စိတ်ဓာတ်ကို လက်ခံကိုင်စွဲထားကာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပြီး အပြန်အလှန် လိုအပ်နေချိန်များတွင်လည်းကောင်း၊ အဓိကအကျိုးစီးပွားများနှင့် အရေးကြီးသော ကိစ္စရပ်များတွင်လည်းကောင်း အခိုင်အမာထောက်ခံအားပေးခဲ့ကြသည်မှာ အေးအတူပူအမျှဖြစ်သော "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" ၏ နက်ရှိုင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အပြည့်အဝ ဖော်ပြနေပါသည်။ ကျွန်ုပ်တို့သည် ပြီးခဲ့သည့်နှစ်တွင် နှစ်ကြိမ်တိုင်တိုင်တွေ့ဆုံခဲ့ပြီး "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" တည်ဆောက်မှုကို မြှင့်တင်ရန် အရေးကြီးသော ဘုံသဘောတူညီချက်သို့ ရောက်ရှိခဲ့ကာ ယခုအခါ နှစ်ဖက်စလုံးမှ သက်ဆိုင်ရာဌာနများနှင့် ဒေသအာဏာပိုင်အသီးသီးတို့က တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၅) ကြိမ်မြောက် ငါးနှစ်စီမံကိန်း စတင်သည့်နှစ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်သစ်တစ်ခုသို့ စတင်ခြေလှမ်းသည့် နှစ်လည်း ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို အလွန်အလေးထားပြီး မဟာဗျူဟာမြောက် ဖလှယ်မှုများကို မြှင့်တင်ရန်၊ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုကို နက်ရှိုင်းစေရန်နှင့် "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" တည်ဆောက်ရာတွင် ပိုမိုနက်ရှိုင်း၍ ခိုင်မာသော တိုးတက်မှုများရရှိစေရန် သင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့၏ ပြည်သူနှစ်ရပ်အတွက် ပိုမိုကြီးမားသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုပါဝင်ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ သာယာဝပြောပါစေကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့ပြီး ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်၏ မြင့်မြတ်သော ရာထူးတာဝန်တွင် အောင်မြင်မှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ရှီကျင့်ဖျင်

သမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နီဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တာရှာနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နီဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တာရှာနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ခင်မင်ရင်းနှီးစွာ ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းအပေါ် အလေးအနက် ဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ပင်ကိုအရည်အချင်းနှင့် ကျွမ်းကျင်မှုတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီဗိုစီဗစ်ဒေသတို့အကြား ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာ၍ ဆောင်ရွက်သမျှ အစီအစဉ်တိုင်း ပြည့်စုံအောင်မြင်ပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ဦးဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများအတွက် ကတိကဝတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

အေ အေ တာရှာနီကော့ဗ်

## ဦးညိုစော အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ဦးညိုစော အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

## ဒေါ်နန်းနီနီအေး အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ဒေါ်နန်းနီနီအေး အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center–ASMC)မှ ထုတ်ပြန်ချက်များအရ–

(က) မြန်မာနိုင်ငံအပါအဝင် အာဆီယံမြောက်ပိုင်းဒေသဖြစ်သည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်မှစ၍ Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု သတိပေးချက်အဆင့်(၃) (Alert Level 3)အခြေအနေသို့ စတင်ရောက်ရှိပြီဖြစ်ပါကြောင်း၊

(ခ) မဲခေါင်ဒေသတွင် ခြောက်သွေ့ရာသီဥတု ဆက်လက်ဖြစ်ပေါ်နေပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအခြေအနေသည် ပိုမိုများပြားလာနိုင်ပါကြောင်း၊

(ဂ) NOAA–20 ဂြိုဟ်တုမှ စောင့်ကြည့်လေ့လာမှုအရ ၂၀၂၆ ခုနှစ် မတ် ၂၅ ရက်၊ ၂၆ ရက်တို့တွင် မဲခေါင်ဒေသအတွင်း Fire Hotspot ၂၈၀၆ ခုနှင့် ၃၁၃၉ ခု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိပြီး၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် နေရာအနှံ့အပြား၌ တွေ့ရှိရပါကြောင်း၊

(ဃ) မဲခေါင်ဒေသခွဲတွင် အလယ်အလတ်မှ သိပ်သည်းသည့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများကို လေ့လာတွေ့ရှိခဲ့ပါကြောင်း၊


(င) လာမည့်သီတင်းပတ်များအတွင်း မဲခေါင်ဒေသခွဲ၏ နေရာအများစုတွင် မိုးခေါင်သောအခြေအနေများ ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားပြီး လေတိုက်ခတ်မှုများသည် အများအားဖြင့် တောင်ဘက် သို့မဟုတ် အနောက်တောင်ဘက်မှ တိုက်ခတ်မည်ဟု ခန့်မှန်းထားပါကြောင်း၊ Fire Hotspot များနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုလည်း ပိုမိုဆိုးရွားလာနိုင်ပြီး မဲခေါင်ဒေသအတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအန္တရာယ်မှာ ပိုမိုမြင့်တက်လာနိုင်ပါကြောင်း ခန့်မှန်းထားပါသည်။

၂။ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution–AATHP)တွင် ၂၀၀၃ ခုနှစ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါသဘောတူညီချက်အရ ၂၀၃၀ ပြည့်နှစ်တွင် မီးခိုးမြူငွေ့ကင်းစင်သော အာဆီယံဖြစ်စေရေးမျှော်မှန်းချက်ဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံ (၂၀၂၃–၂၀၃၀)ကိုလည်းကောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများအတွက် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရမည့် အညွှန်းကိန်းများသတ်မှတ်၍ ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကိုလည်းကောင်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်နေ့၌ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ခေါင်းဆောင်များအကြား ဆွေးနွေးခဲ့သည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးနိုင်ငံညှိနှိုင်းဆွေးနွေးပွဲ၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် (Joint Plan of Action–CLEAR Sky Strategy)ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံတွင် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် နိုင်ငံအဆင့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် လုပ်ငန်းအဖွဲ့များကို အဆင့်အလိုက်ဖွဲ့စည်းပြီး မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ၂၀၂၅ ခုနှစ်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ခရိုင်အဆင့် ၈၅ ဖွဲ့၊ မြို့နယ်အဆင့် အဖွဲ့ ၂၂၀ ဖွဲ့စည်းကာ Fire Hotspot များကို မြေပြင်တွင် ဖြစ်ပေါ်မှု ရှိ၊ မရှိ စစ်ဆေးပြီး မီးလောင်မှုဖြစ်ပေါ်သည့်နေရာများတွင် ဒေသခံပြည်သူများကို အသိပညာပေးခြင်း၊ Fire Hotspot အခြေအနေများကို စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် Talk show များ ကျင်းပခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။




၆။ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ပြည်သူများအနေဖြင့်လည်း စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းမပြုလုပ်ပဲ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးကဏ္ဍတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု**
**တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများ ပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲ ကျင်းပစဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆု၊ သင်တန်းဆင်းအောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၃**

တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တပ်မတော်သား မိသားစုဝင်သားသမီးများ နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာသာသနာကို တန်ဖိုးထားတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာသည့် သားကောင်း၊ သမီးကောင်းများအဖြစ် သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်ပြီး ဘာသာသာသနာကို အရှည်တည်တံ့တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်တွေတပ်နယ်ခန်းမ၌လည်းကောင်း ပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းအောင်လက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးများက ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများတွင် သင်ခန်းစာများ ပို့ချသင်ကြားပေးတော်မူကြသည့် သံဃာတော်များအား နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို နေ့လယ်စာ အာဟာရဒံပေါက်ထမင်းနှင့် ဟင်းများဖြင့် ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

☆ **ကျောဖုံးမှအဆက်**

သိုလှောင်ထားရှိပြီး ဆီစုပ်ပန့် နှစ်လုံး၊ လက်ရိုက်ပန့် နှစ်လုံးတို့ကို စစ်ဆေးတွေ့ရှိရခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းနံဘေး၌ ယာဉ်အမှတ် 3L/1717 Alphard အမျိုးအစားယာဉ်သည် ယာဉ်ရှိ ဆီတိုင်ကီမှ ဆီကိုပိုက်ဖြင့်ထုတ်ယူ ရောင်းချလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး အဆိုပါလမ်းနံဘေးရှိ ဦးဝသုန်ပိုင် တရားမဝင်ဆီရောင်းချသူထံမှ ဒီဇယ်ဆီဟု ယူဆရသော စက်သုံးဆီဂါလန် ၉၀ နှင့် ဓာတ်ဆီဟုယူဆရသော စက်သုံးဆီ ၄၈ ဂါလန်ကို စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်စက်သုံးဆီရောင်းချသူ ယာဉ်မောင်း ဦးဝင်းမင်းထွန်းနှင့် တရားမဝင် စက်သုံးဆီများ သိုလှောင်ရောင်းချနေသူ ဦးဝသုန်တို့ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

ပြည်သူများအနေဖြင့် Bar Code/ QR Code များကို Scan ဖတ်၍ စက်သုံးဆီဝယ်ယူရာတွင် တွေ့ကြုံရသည့် နည်းပညာဆိုင်ရာအခက်အခဲများနှင့် အခြားတင်ပြတိုင်ကြားလိုသည်များရှိပါက စွမ်းအင်ဝန်ကြီးဌာန Call Center ဖုန်းအမှတ်များဖြစ်သည့် ၀၉-၂၅၀၁၁၁၂၂၂၊ ၀၉-၂၅၀၁၁၁၃၃၃၊ ၀၉-၄၄၀၄၃၃၃၂၄၊ ၀၉-၈၉၉၁၂၉၂၉၆ ဆက် Viber ဖုန်းအမှတ် ၀၉-၄၀၁၇၄၈၅၉၈ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားလာမှုအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**










---



ဝဲမှ ယာ တရားခံ စည်သူ၊ မှန်ကြီး ခေါ် သက်နောင်၊ ဇော်လင်းထွန်း

တောင်ဥက္ကလာပမြို့မရဲစခန်းက (ပ)၂၂၄/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ရောင်နီဦးရွှေဆိုင် လုယက်မှုမှ တရားခံနှင့် သက်သေခံပစ္စည်း မှတ်တမ်းဓာတ်ပုံ။

❖ **ဖမ်းဆီးရမိမှ**

(ပ)၇၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတရားခံများကို ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများ ရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဇော်လင်းထွန်း ၃၃ နှစ်(ဘ) ဦးထွန်းသောင်းကို ၎င်း၏ဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ညောင်တေးကျေးရွာရှိ နေအိမ်၌ ဧပြီ ၁ ရက် ညပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းထွန်း၏ ထွက်ဆိုချက်အရ သေနတ်ပစ်ဖောက်လုယက်မှုကျူးလွန်သူ မှန်ကြီး ခေါ် သက်နောင် ၅၈ နှစ် (ဘ) ဦးသိန်းကို ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မင်းရဲရပ်ကွက်ရှိ ရသာမွန်စားသောက်ဆိုင်၌ ဧပြီ ၂ ရက် ညပိုင်း၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ ဇော်လင်းထွန်းသည် "ရွှေစင်ဝင်း" ရွှေဆိုင်အား လုယက်မှုမကျူးလွန်မီ ပတ်ဝန်းကျင်အခြေအနေကို စုံစမ်းလေ့လာစောင့်ကြည့်ခြင်းများ ပြုလုပ်ပေးခဲ့ပြီး တရားခံ မှန်ကြီး ခေါ် သက်နောင်နှင့် သက်ပိုင်ဦး (ဖမ်းဆီးရန်ကျန်)တို့ နှစ်ဦးက သေနတ်ပစ်ဖောက်၍ လုယက်ခဲ့ကြကြောင်း၊ ဇော်လင်းထွန်းက ဆိုင်ကယ်မောင်းနှင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး တရားခံ မှန်ကြီး ခေါ် သက်နောင်ထံမှ ရွှေထည်ပစ္စည်းမျိုးစုံ ၃၀၅ ခု၊ ငွေကျပ်သိန်း ၂၄၀၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် KUZEY-GN19 စာတန်းပါ ပစ္စတိုသေနတ် တစ်လက်၊ PAC 380 AUTO ကျည် ၁၃ တောင့်၊ THAI ARMS-380 ACP ကျည် နှစ်တောင့်၊ ကျည်အိမ် နှစ်ခု၊ ပစ္စတိုသေနတ်ထည့်သည့် MARMY စာတန်းပါ အစိမ်းရောင်အိတ် တစ်ခုနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၆၅ ခုတို့ကိုလည်းကောင်း၊ ရွှေပေါက်ကံတံတားအောက် ငမိုးရိပ်ချောင်းအတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် FEILING 110 အမျိုးအစား အနက်ရောင် ဆိုင်ကယ်ကိုလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

အမှုမှတရားခံ မှန်ကြီး ခေါ် သက်နောင်နှင့် ဇော်လင်းထွန်းတို့၏ ထွက်ဆိုချက်အရ ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက် နေ့လယ်ပိုင်းတွင် ၎င်းတို့နှစ်ဦးသည် စည်သူ ၃၈နှစ် (ဘ) ဦးတင်ထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆) ရပ်ကွက် နန္ဒဝန်ဈေးအနီးရှိ "ရောင်နီဦး" ရွှေဆိုင်ကို လုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် တရားခံစည်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧပြီ ၂ ရက်တွင် ၎င်းကို မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) ရပ်ကွက် ရွှေပင်လယ်ဘုန်းကြီးကျောင်းအနီး၌ သက်သေခံဆိုင်ကယ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

"ရွှေစင်ဝင်း"ရွှေဆိုင်နှင့် "ရောင်နီဦး" ရွှေဆိုင်တို့ကို သေနတ်ပစ်ဖောက်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများကို ပြည်သူလူထု ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံ မှန်ကြီး ခေါ် သက်နောင်၊ ဇော်လင်းထွန်းနှင့် စည်သူတို့ သုံးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တရားခံ သက်ပိုင်ဦးကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။**(၅၀၁)**

# နမ့်စန်မြို့ မက်မွန်မုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ မက်မွန်မုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် လေးပါး၊ ဒေသခံပြည်သူ ၁၂၁ ဦးတို့ကို နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂-၄-၂၀၂၆ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃,၆၄၇ - ၃,၆၆၈ | ၅၅၇ - ၅၅၈.၆၇ | ၁၂၅.၃၀ - ၁၂၅.၆၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၈၅၆,၈၈၄.၆၄ | ၃,၅၇၂,၃၈၂.၁၇ | ၅၂,၉၂၀,၇၀၀.၈၂ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | ၇,၀၀၆,၃၄၇.၉၂ | | ၃,၀၀၀,၀၀၀.၀၀ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ မှုယောနှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။
- ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈ သန်းအား LNG ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃ သန်းအား စက်သုံးဆီကဏ္ဍသို့လည်းကောင်း၊ ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄ သန်းကိုလည်းကောင်း၊ ထိုင်းဘတ် ၃ ဒသမ ၀၀ သန်းအား ဆောက်လုပ်ရေးကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

## ၂၀၂၆ ခုနှစ် ဧပြီ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ (၃ - ၄ - ၂၀၂၆)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၄၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | | ညောင်ဦး | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| မင်းဘူး | ၄၂ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | | ကျောက်ဆည် | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| မြင်းခြံ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | | အောင်လံ | ၄၁ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် | |
| မကွေး | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | | မန္တလေး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |
| ဆင်ဖြူကျွန်း | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် | | တံတားဦး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဧပြီ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိစာဖြေဌာန ၂၀၄ ဌာနတွင် ဆက်လက်ကျင်းပရာ စာရင်းသွင်း ၁၆၇၇၂ ပါး/ဦး အနက် ၁၄၀၁၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၅၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးစိုးနိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး |
| (ခ) ဒေါက်တာဇော်မိုးအောင် | ပါမောက္ခချုပ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းအား မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဆဲလ်တာဗီဂိုအသင်း၊ အင်တာမီလန်အသင်း၊ မိုနာကိုအသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိမှာ သေချာပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲကာလဖြစ်လို့ အမှတ်ပေးပွဲတွေရပ်နားထားပေမဲ့ ပထမအသင်းက ကစားသမားအများစုကတော့ သက်ဆိုင်ရာနိုင်ငံအသင်းတွေမှာ ကိုယ်စားပြုသွားရောက်ကစားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဥရောပဘောလုံးရာသီပိတ်သိမ်းဖို့ပွဲစဉ်အနည်းငယ်ကျန်ချိန်မှာ ကစားသမားတွေရဲ့ ပွဲပန်းမှုနဲ့ဒဏ်ရာရရှိမှုမြင့်တက်လာတာဖြစ်လို့ အသင်းကြီးတွေကိုချဉ်းကပ်တဲ့အခါ အရန်ကစားသမားစုဖွဲ့မှုကိုကြည့်ပြီး သတိထားချဉ်းကပ်ရတာဖြစ်ပါတယ်။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုထဲက တိုက်စစ်ကစားပုံပိုကောင်းပြီး အဓိကကစားသမားအများဆုံးပါဝင်ကစားနိုင်တဲ့အသင်းတွေကိုသာ ဆက်လက်အားပေးသွားမှာဖြစ်ပါတယ်။

## ဆဲလ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့လာလီဂါပွဲစဉ်ထဲက အကြိုက်တွေ့တာကတော့ ဗလင်စီယာအသင်းနဲ့ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်ဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ ဆဲလ်တာဗီဂိုအသင်းက ပြိုင်ဘက်ကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ပြီး ဂိုးပေါက်တည့်မတ်မှုငါးကြိမ်မှာ လေးကြိမ်ထိဂိုးရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲမှာ ဆဲလ်တာဗီဂိုအသင်းတိုက်စစ်ကစားပုံက အဆုံးသတ်ပိုင်းကောင်းခဲ့သလို ခံစစ်ပိုင်းကလဲပြိုင်ဘက်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ လက်ရှိဗလင်စီယာအသင်းကတော့ အမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာ ရမှတ် ၃၅ မှတ်ရခဲ့တာကြောင့် တန်းမဆင်းရဖို့သေချာနေပြီး တိုက်စစ်ပိုင်းကလဲ ငါးပွဲမှာ ခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်း နည်းပြကတော့ ၄-၄-၂ ကစားကွက်နဲ့ အထိုင်ချကစားနေပေမဲ့ ဒီကစားကွက်မှာ တောင်ပံထွက်ကစားတဲ့ကစားသမားတွေ အားနည်းချက်ရှိနေလို့ ကစားပုံမာတဲ့အသင်းတွေနဲ့ဆို အလွယ်တကူဂိုးပေးနေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အပြောင်းအရွှေ့ကာလတွေမှာ အဓိကကစားသမားတွေခေါ်ယူနိုင်ခြင်းမရှိဘဲ အသင်းကခြေစွမ်းပြကစားသမားတွေကို ရောင်းချခဲ့တာကြောင့် အဆုံးအဖြတ်ပွဲတွေမှာဆို ရမှတ်ရှာဖွေဖို့ရုန်းကန်နေရလို့ အခုပွဲမှာလဲ တိုက်စစ်ကောင်းတဲ့ဆဲလ်တာဗီဂိုကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။

ဆဲလ်တာဗီဂိုအသင်းကတော့ နည်းပြဂီရာလက်စ်ကို ခန့်အပ်ပြီးနောက် အသင်းကစားပုံတိုးတက်လာခဲ့သလို အပြောင်းအရွှေ့ကာလတွေမှာလဲ လာလီဂါအတွေ့အကြုံရှိတဲ့ ကစားသမားတွေကိုသာ အဓိကခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာ ရမှတ် ၄၁ မှတ်နဲ့ အဆင့်(၆) ထိရောက်ရှိခဲ့ပြီး ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်ဟာ ဆဲလ်တာဗီဂိုအတွက် ရမှတ်ဆုံးရှုံးလို့မရတဲ့အခြေအနေဖြစ်သလို ရှုံးနိမ့်ခဲ့ရင်တော့ ဥရောပဝင်ခွင့်ရဖို့ခက်ခဲသွားမှာကိုသတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ကိုတော့ အီဂယ်စီယာ၊ ဂျူဂလာ၊ အယ်ဗာရက်ဇ်တို့ဦးဆောင်နေပြီး အီဂယ်စီယာက သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒ့ါပြင် နှစ်သင်းစလုံးရဲ့ကစားသမားစုဖွဲ့မှုမှာလဲ ဆဲလ်တာဗီဂိုအသင်းကအသာရနေပြီး နောက်ဆုံးတွေ့ဆုံခဲ့တဲ့အဝေးကွင်းသုံးပွဲမှာလဲ ဆဲလ်တာဗီဂိုအသင်းက တစ်ပွဲသာရှုံးခဲ့တာကြောင့် အခုပွဲမှာ ဆဲလ်တာဗီဂိုပဲ ရလဒ်ကောင်းသွားမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၂ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၀ | အိုဆာဆူနာ |
| ဗလင်စီယာ | ၃ | - | ၂ | အလာဗက် |
| အိုဗီဒို | ၁ | - | ၀ | ဗလင်စီယာ |
| ဆီဗီလာ | ၀ | - | ၂ | ဗလင်စီယာ |

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | လိုင်ယွန် |
| ဘက်တစ် | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| လိုင်ယွန် | ၀ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၃ | - | ၄ | အလာဗက် |

## အင်တာမီလန်အသင်း နိုင်ပွဲရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၃၀) မှာအကြိုက်တွေ့တာကတော့ အင်တာမီလန်အသင်းနဲ့ ရိုးမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ အမှတ်ပေးဇယားကိုဦးဆောင်ထားပြီး ချန်ပီယံဆုဖလားရယူနိုင်ဖို့ကြိုးပမ်းနေတဲ့အသင်းဖြစ်ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာ မြို့ခံပြိုင်ဘက်အေစီမီလန်အသင်းကို ရှုံးခဲ့ပြီးနောက်ပိုင်း နိုင်ပွဲပျောက်ဆုံးသွားတာကိုတွေ့ရမှာပါ။ သူတို့အသင်းနောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာ လက်ချီ၊ ဂျီနိုအာတို့ကိုသာနိုင်ပွဲရခဲ့ပြီး အေစီမီလန်၊ အတ္တလန်တာ၊ ဖီအိုရင်တီးနားတို့ကို ရမှတ်ခွဲပေးလိုက်ရတာဖြစ်ပါတယ်။ အခုပွဲမှာလဲ ကစားပုံမာကျောတဲ့ရိုးမားအသင်းနဲ့တွေ့နေတာကြောင့် သတိထားကစားရမဲ့အခြေအနေဖြစ်ပေမဲ့ အခုပွဲကိုရှုံးခဲ့ရင်တော့ ချန်ပီယံဆုဖလားရဖို့အခွင့်အရေးပိုနည်းသွားမှာဖြစ် ပါတယ်။ ဒါကြောင့် အသင်းတာဝန်ရှိသူတွေဟာ နည်းပြချုပ် ချီဗူးကိုထုတ်ပယ်ခဲ့ပြီး လက်ထောက်နည်းပြကိုလာရေ့ဗ်ကို ယာယီခန့်အပ်ခဲ့တာကြောင့် ၎င်းလက်ထက်မှာ အသင်းကစားပုံတိုးတက်လာတာဖြစ်လို့ အဝေးကွင်းကစားပုံကျဆင်းနေတဲ့ ရိုးမားကိုဖိအားပေးနိုင်မှာသေချာပါတယ်။

ရိုးမားအသင်းဟာ နည်းပြ ဂတ်စပါရီနီလက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာကြောင့် ပွဲစဉ် ၃၀ အပြီးမှာ ရမှတ် ၅၄ မှတ်နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလဲ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ကိုးဂိုးထိရှိခဲ့တာကိုသတိပြုရမှာပါ။ အထူးသဖြင့် ဘိုလော့နာလိုအသင်းကို လေးဂိုးထိပေးရတဲ့ခံစစ်ပိုင်းက သတိထားစရာဖြစ်နေပြီး အင်တာမီလန်အသင်းတိုက်စစ်မြှင့်ကစားလာမယ်ဆိုရင်တော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်မှာသေချာပါတယ်။ နည်းပြဂတ်စပါရီနီကတော့ အဝေးကွင်းတွေဆို ခံစစ်အားပြုကစားခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲ အဝေးကွင်း ၁၅ ပွဲမှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ကြောင့် အဝေးကွင်းခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာပါ။ သူတို့အသင်းဟာ ဝါရင့်ကစားသမားတွေကိုခေါ်ယူထားပေမဲ့ ကစားသမားတွေ အသက်အရွယ်ရလာတာကြောင့် အဓိကပွဲတွေမှာဂိုးရဖို့ခက်ခဲနေပြီး ပုံမှန်ဂိုးသွင်းနိုင်တဲ့တိုက်စစ်မှူးလဲမရှိတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးငါးပွဲဆက် တွေ့ဆုံမှုမှာ အင်တာမီလန်တစ်ပွဲသာရှုံးခဲ့သလို အကျောပေးမှုကလဲ အင်တာမီလန်တစ်ဂိုးနဲ့နိုင်ရင်ခပ်ပါးပါးပဲပျော်ရမဲ့အခြေအနေဖြစ်လို့ အိမ်ရှင်အသင်းအင်တာမီလန်ပဲ နိုင်ပွဲရမှာပါ။

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၂ | - | ၀ | ဂျီနိုအာ |
| ကိုမို | ၀ | - | ၀ | အင်တာမီလန် |
| အေစီမီလန် | ၁ | - | ၀ | အင်တာမီလန် |
| အင်တာမီလန် | ၁ | - | ၁ | အတ္တလန်တာ |
| ဖီအိုရင်တီးနား | ၁ | - | ၁ | အင်တာမီလန် |

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၂ | - | ၁ | ရိုးမား |
| ဘိုလော့နာ | ၁ | - | ၁ | ရိုးမား |
| ကိုမို | ၂ | - | ၁ | ရိုးမား |
| ရိုးမား | ၃ | - | ၄ | ဘိုလော့နာ |
| ရိုးမား | ၁ | - | ၀ | လက်ချီ |

## မိုနာကိုအသင်းနဲ့ လက်တွဲရမှာပါ

ပြင်သစ်လီဂူးပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ မိုနာကိုအသင်းနဲ့ မာဆေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ လီဂူးပြိုင်ပွဲမှာ အသင်းကြီးစာရင်းထဲပါဝင်နေတာကြောင့် နှစ်စဉ်ဥရောပပွဲကစားရတဲ့ အသင်းဖြစ်တာကိုတွေ့ရမှာပါ။ အခုနှစ်မှာတော့ ၂၇ ပွဲအပြီးမှာ ရမှတ် ၄၆ မှတ်သာ စုဆောင်းနိုင်လို့ အဆင့် (၆) မှာရောက်ရှိခဲ့ပြီး အဆင့် (၃) က မာဆေးအသင်းနဲ့ရမှတ်သုံးမှတ်ကွာနေတာကြောင့် အခုပွဲကို နိုင်ပွဲရခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာရဖို့သေချာပါတယ်။ သူတို့အသင်းဟာ နှစ်စဉ်ကစားသမားကောင်းတွေ ဖြည့်တင်းနိုင်တာကြောင့် တိုက်စစ်ကောင်းတဲ့အသင်းဖြစ်ပေမဲ့ ခံစစ်ပိုင်းကတော့ တည်ငြိမ်မှုအားနည်းနေတာကိုသတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ လေးပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ကစားနိုင်ခဲ့တဲ့ခြေစွမ်းကတော့ အားရစရာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ အခုပြိုင်ပွဲရဲ့ အိမ်ကွင်း ၁၄ ပွဲမှာ လေးပွဲသာရှုံးခဲ့ပြီး တိုက်စစ်ပိုင်းက ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် အိမ်ကွင်းကောင်းတဲ့အသင်းတွေထဲမှာ ပါဝင်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြသစ်လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ကြိုးပမ်းနေရတဲ့မာဆေးအသင်းကို အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားနိုင်မှာသေချာပါတယ်။

မာဆေးအသင်းဟာ နည်းပြသစ်ဒီဇာဘီလက်ထက်မှာ ပုံစံကောင်းရခဲ့တာကြောင့် ရာသီအစမှာရလဒ်ကောင်းတွေ ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲ ၂၇ အပြီးမှာ ရမှတ် ၄၉ မှတ်ရခဲ့ပြီး အဆင့် (၃) ထိရောက်ရှိခဲ့ပေမဲ့ နောက်ပိုင်းမှာတိုက်စစ်ကစားပုံ ကျဆင်းလာတာဖြစ်လို့ အသင်းတာဝန်ရှိသူတွေက နည်းပြဒီဇာဘီကိုထုတ်ပယ်လိုက်တာတွေ့ရမှာပါ။ ဒီဇာဘီထွက်ခွာပြီးနောက်ပိုင်း အသင်းကစားပုံဟာ တည်ငြိမ်မှုမရှိတော့ဘဲ ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းတွေကိုတောင် နိုင်ပွဲရဖို့ရုန်းကန်နေရတာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ အူဘာမီယန်း၊ ဂူအီရီ၊ ဂရင်းဝုဒ်တို့လို တိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားလို့ ဂိုးမြှုးလေ့ရှိပေမဲ့ ခံစစ်ပိုင်းမှာတော့ခြေစွမ်းပိုင်းတည်ငြိမ်တဲ့ကစားသမားနည်းပါးလို့ ပြိုင်ဘက်ကို အလွယ်တကူဂိုးပေးနေရတာတွေ့ရမှာပါ။ သူတို့အသင်းနောက်ဆုံးကစားခဲ့တဲ့ လိုင်လီနဲ့ပွဲမှာအိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်း လက်ရှိခြေစွမ်းပိုင်းမှာတော့ မိုနာကိုအသင်းက မာဆေးအသင်းထက်သာနေသလို ကစားသမားစုဖွဲ့မှုမှာလဲ မိုနာကိုအသာရနေတာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာလွန်နေတဲ့ မိုနာကိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၂ | - | ၂ | မိုနာကို |
| မိုနာကို | ၂ | - | ၀ | အန်ဂါ |
| ပီအက်စ်ဂျီ | ၁ | - | ၃ | မိုနာကို |
| မိုနာကို | ၂ | - | ၀ | ဘရက်စ် |
| လိုင်ယွန် | ၁ | - | ၂ | မိုနာကို |

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | ၃ | - | ၂ | လိုင်ယွန် |
| မာဆေး | ၂ | - | ၂ | တူးလော့ |
| တူးလော့ | ၀ | - | ၁ | မာဆေး |
| မာဆေး | ၁ | - | ၀ | အော့ဇေး |
| မာဆေး | ၁ | - | ၂ | လိုင်လီ |

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာ-လာအို ချစ်ကြည်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး၌ ရွေးချယ်တင်မြှောက်ခံရသော ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို သမ္မတကြီးအဖြစ် ရွေးချယ်ခံရသည့်အတွက် အသင်းကြီးအနေဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုပါကြောင်း။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။ ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းမှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကိုအပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့်တပ်မတော်အကျိုး၊ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာတွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

**မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း**

# အထူးဝမ်းမြောက်ဂုဏ်ပြုကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာပေါ်းလုံကျန်းကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-တရုတ်ဗုဒ္ဓဘာသာချစ်ကြည်နှီးနှောဖလှယ်ရေးအဖွဲ့(MCBFEA)**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုဂါရဝပြုအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(IUCO)**

# အထူးဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကာနိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာ-တရုတ်အမျိုးသမီးများအသင်း

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံကာနိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)**

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်မဲပေးရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ်(Federation of MLCA)**








## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ မချင်ချန်းဝေ (ဘ) ဦးချိန်ကြင်းချိန်(၁၃/တယန(နိုင်)၀၇၉၆၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ 09-784336468

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ မမာမာဦး (ဘ) ဦးခင်ညို(၉/မရမ(နိုင်)၀၂၂၉၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-451715)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-762880099

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်နေ မောင်ဖြိုးဟိန်းကျော် (ဘ) ဦးရန်လင်းအောင်(၉/ပကခ(နိုင်)၀၄၅၇၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-034522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-965533281




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအောင်မြင်တိုးတက်ဖို့ “စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး”ဆိုသည့် တက္ကသိုလ်၏ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုးတိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ပြုလုပ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ - ၁၉

**အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ - ၂၀

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်** စာမျက်နှာ - ၁၈

**ရှေးနိုင်ငံသစ်အုတ်မြစ်များနှင့် မြန်မာ့အရုဏ်ဦးနေ့သစ်ရောင်နီ ဆောင်းပါး** စာမျက်နှာ - ၈

**မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်း ကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပ** စာမျက်နှာ - ၁၇

# စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

ပြည်သူများစက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/QR Code များဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူး၊ ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ပြည်သူများမှ တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို Call Center မှ နေ့စဉ်နံနက် ၆ နာရီမှ ည ၁၀ နာရီထိ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြားဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် Call Center သို့ သိရှိလိုသည်များမေးမြန်းခြင်း၊ သတင်းပေးပို့တိုင်ကြားလာခြင်းများအပေါ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇောဓိကုန်းကျေးရွာ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၃၈ မိုင်ရှိ "BOC" စက်သုံးဆီအရောင်းဆိုင်သည် စက်သုံးဆီများကို ကန့်သတ်ရောင်းချနေကြောင်း Call Center သို့ တိုင်ကြားလာမှုအရ စစ်ဆေးဆောင်ရွက်ခဲ့ရာ 92 Ron နှင့် 95 Ron စက်သုံးဆီအမျိုးအစားများကို သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိမှုအရ အရောင်းဆိုင်အား နောက်ဆုံးအကြိမ်သတိပေးထားရှိပြီး စက်သုံးဆီများကို ကန့်သတ်ရောင်းချကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတိပေးခြင်း၊အရောင်းဆိုင်မန်နေဂျာဖြစ်သူကို ကုမ္ပဏီစည်းကမ်းဖြင့် ထိရောက်စွာ အရေးယူစေခြင်းများဆောင်ရွက်ခဲ့သည်။

ယနေ့ထိ Call Center သို့ တိုင်ကြားလာမှုအရ အရောင်းဆိုင် ယာယီပိတ်သိမ်းခြင်းနှင့် အရောင်းဆိုင်မှ တာဝန်ရှိသူများကို အရေးယူထားရှိမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ စုစုပေါင်းစက်သုံးဆီအရောင်းဆိုင် ၁၈ ဆိုင်ကို အရေးယူထားရှိခဲ့ပြီးဖြစ်သည်။

တရားမဝင်ရောင်းချမှုများကို အရေးယူဆောင်ရွက်မှုအနေဖြင့် စွမ်းအင်ဝန်ကြီးဌာန Call Center သို့ တိုင်ကြားလာသည့် သတင်းများအရ တရားမဝင်စက်သုံးဆီဖြန့်ဖြူးရောင်းချမှုများကို ဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူဆောင်ရွက်မှုအနေဖြင့် မြောက်ဒဂုံမြို့နယ် (၂၉)ရပ်ကွက် အောင်သစ္စာလမ်း အိမ်အမှတ်(၃၃၃)ရှိ ဦးကျော်မြင့်၏နေအိမ်တွင် ဒီဇယ်ဆီဟုယူဆရသော စက်သုံးဆီဂါလန် ၅၀ ကို ပီပါသုံးလုံးအတွင်း စာမျက်နှာ ၂၃ ကော်လံ ၁ ☆

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ “ရွှေစင်ဝင်း”ရွှေဆိုင်နှင့် တောင်ဥက္ကလာပမြို့နယ်ရှိ “ရောင်နီဦး”ရွှေဆိုင်တို့ကို သေနတ်ပစ်ဖောက်လုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံအမျိုးသားသုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃**

မတ် ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ “ရွှေစင်ဝင်း” ရွှေဆိုင်တွင် ဆိုင်ရှင်ဖြစ်သူသည် ဆိုင်ဝန်ထမ်းဖြစ်သူနှင့်အတူ ဆိုင်ရှိ ရွှေဆွဲကြိုး ၁၈၄ ကုံးပါ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁ ပိဿာ ၅၀ ကျပ်သားခန့် တန်ဖိုးငွေကျပ်သိန်း ၈၅၀၀ ခန့်ကို ခရီးဆောင်အိတ်ဖြင့် သိမ်းဆည်းပြီး ဆိုင်ပိတ်ကာ နေအိမ်သို့ပြန်ရန် မော်တော်ယာဉ်အား စောင့်ဆိုင်းနေစဉ် အမျိုးသားနှစ်ဦး ရောက်ရှိလာပြီး သေနတ်ပစ်ဖောက်ခြိမ်းခြောက်ကာ ကားဘီးဖြုတ်သည့် ဂွင်းခွဖြင့် ရိုက်နှက်ပြီး ရွှေထည်ပစ္စည်းများ ထည့်ထားသော အိတ်ကို လုယက်ယူဆောင်၍ အသင့်စောင့်နေသည့် အမျိုးသားတစ်ဦး မောင်းနှင်သည့် ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သတင်းပေးပို့တိုင်ကြားလာသဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း၌ စာမျက်နှာ ၂၃ ကော်လံ ၁ ❖

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်းက (ပ)၇၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ “ရွှေစင်ဝင်းရွှေဆိုင် လုယက်မှု”မှ တရားခံနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ဝဲမှယာ တရားခံ ဇော်လင်းထွန်း၊ မှန်ကြီး ခေါ် သက်နောင်

